# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၃)ရက် ၊ တနင်္ဂနွေနေ့ ၊ (3-11-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၈၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။


၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားတွင် ဆန္ဒပြုဆုမွန်ကောင်းစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် ဟိန္ဒူဘာသာဝင်များ စုပေါင်းကျင်းပသည့် ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစောနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐




ရတနာပုံ
၂၀၂၄ ခုနှစ် နိုဝင်ဘာ ၃ ရက်
အယ်ဒီတာ့အာဘော်

# စာကြည့်တိုက်နှင့် စာဖတ်ရှိန် ဖွံ့ဖြိုးမြင့်မားရေး ကြိုးဆိုအားပေး

လူသားတစ်ယောက် အသက်ရှင်ရပ်တည်ရေးအတွက် အတတ်ပညာပြည့်ဝရေးသည် အခြေခံလိုအပ်ချက်ဖြစ်သကဲ့သို့ အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ်အယူအဆ ပြည့်စုံမှန်ကန်ရေးသည်လည်း မရှိမဖြစ်လိုအပ်ပါသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အတတ်ပညာသာမက အသိပညာဗဟုသုတများရှာမှီးနိုင်ရန် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကို အခြေခံပညာကျောင်းများတွင်အခြေပြုပြီး နိုင်ငံ့အနာဂတ်စွမ်းအားအရင်းအမြစ်ပြုစုပျိုးထောင်မှုများ အရှိန်အဟုန်မြင့်မားလာစေရန်၊ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ စာဖတ်သည့်ဓလေ့၊ စာကြည့်တိုက်များသို့ သွားလာအသုံးချနိုင်မည့် အလေ့အကျင့်များဖြစ်လာစေရန်၊ ပညာဗဟုသုတပြည့်ဝ၍ အနာဂတ်တွင် နိုင်ငံတော်အတွက် ဦးဆောင်ဦးရွက်ပြုသူများဖြစ်စေရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် ဆောင်ရွက်လျက်ရှိပေသည်။

မိမိတို့နိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၅ နှစ်နှင့်အထက်လူဦးရေသည် ၄၆ ဒသမ ၄၆၃ သန်းရှိပြီး ထိုလူဦးရေထဲတွင် ကျောင်းလုံးဝမတက်ဖူးသူ ၈ ဒသမ ၁၇၉ ရာခိုင်နှုန်းရှိနေကြောင်း၊ အသက် ၂၅ နှစ်အထက် ၂၅ ဒသမ ၁၆၉ သန်းခန့်တွင် အတန်းလုံးဝမရှိသူ ၃ ဒသမ ၈ ရာခိုင်နှုန်း(လူ ၉ သိန်းကျော်)ရှိကြောင်း၊ မူလတန်းနှင့် မူကြိုအဆင့်ရှိသူ ၄၉ ဒသမ ၄၇ ရာခိုင်နှုန်း ၁၂ ဒသမ ၈၃ သန်းရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူ ၂၁ ဒသမ ၇၂ ရာခိုင်နှုန်း(လူ ၅ ဒသမ ၄၆ သန်း)ရှိကြောင်း၊ အထက်တန်းအဆင့်ပြီးမြောက်သူ ၁၃ ဒသမ ၃ ရာခိုင်နှုန်းနှင့် ဘွဲ့ရသူ ၁၁ ဒသမ ၄ ရာခိုင်နှုန်းရှိနေသည်ကို အချက်အလက်များအရ သိရသည်။ ထိုထဲမှ ကျောင်းသားအများစုသည် မူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်သွားပြီး ကျောင်းစာသာမက အပြင်စာပေများ၊ စာကြည့်တိုက်တို့နှင့် ကင်းကွာနေကြသည်ဖြစ်ရာ နိုင်ငံ့အနာဂတ်၌ ပညာတတ်များပေါကြွယ်ဝရေးအတွက် စိုးရိမ်စရာအခြေအနေပင်ဖြစ်ပေသည်။

ထို့ကြောင့် ကျောင်းသူ၊ ကျောင်းသားများသည် နိုင်ငံတော်အတွက် အနာဂတ်သားကောင်းရတနာများ၊ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့်အတွက် ဗလငါးတန်နှင့်ပြည့်စုံသော လူချွန်လူကောင်းများဖြစ်လာစေရန် ပြုစုပျိုးထောင်ကြရမည်ဖြစ်ပေသည်။ အခြေခံပညာကျောင်းများတွင် ကျောင်းစာများတတ်မြောက်အောင်သင်ကြားပေးခြင်းသာမက အတွေးအခေါ်မြင့်မားကာ ဗဟုသုတပြည့်ဝစေရေးအတွက် စာဖတ်ရှုလေ့လာမှုများပြုလုပ်နိုင်ရန် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးများကို အားပေးဖော်ဆောင်မှု ပြုကြရမည်ဖြစ်ပါသည်။

စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာဌာနကြီးတစ်ခုဖြစ်သည့်တွက် ကျောင်းသား၊ ကျောင်းသူများ စာဖတ်စေရန်နှင့် စာဖတ်အားတက်လာစေရန် ဆရာ၊ ဆရာမများသာမက မိဘပြည်သူအပေါင်းကလည်း တိုက်တွန်းအားပေးမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်သင့်ပေသည်။ စာကြည့်တိုက်များဖွံ့ဖြိုးပြီး စာဖတ်ရှိန်မြင့်မားလာမှသာ လူတစ်ဦးချင်းလိုက် ပညာဂုဏ်ရောင်ထွန်းပြောင်မှုနှင့်အတူ အသိပညာဗဟုသုတများမြင့်မားတိုးတက်ပြီး လူမှုဝန်းကျင်နှင့် နိုင်ငံတော်ကို အကျိုးပြုသူများဖြစ်လာပေမည်။

စာဖတ်ခြင်းသည် ကျောင်းသားလူငယ်ဘဝတွင်သာမက ဘဝတစ်လျှောက်လုံး အောင်မြင်မှုများရရှိရန် အခြေခံအကျဆုံးအရည်အသွေးများကို ပေးစွမ်းနိုင်ပေသည်။ ငယ်စဉ်ကတည်းက စာဖတ်သည့်အလေ့အထရှိပါက အနာဂတ်တွင် နိုင်ငံတော်အတွက် အရည်အသွေးပြည့်ဝသော၊ ပညာရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာမည်ဖြစ်ပေသည်။ **'ပညာသမာ အာဘာနတ္ထိ' 'ပညာနှင့်တူသော အလင်းရောင်သည် လောက၌မရှိ'**ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်ဖြစ်ရာ နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရည်မြင့်မားပါက ကမ္ဘာ့အလယ်တွင် မိမိတို့လူမျိုးလည်း ဝံ့ကြွားတင့်တယ်နေမည်သာဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံ့အနာဂတ်စွမ်းအားဖြစ်သော လူငယ်လူရွယ်များကို ပညာဂုဏ်ရောင်ထွန်းလင်းပြောင်စေသောအကျိုးတရားများရရှိလာမည့် စာကြည့်တိုက်များဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကို ဝမ်းမြောက်စွာကြိုဆိုအားပေးပါကြောင်း ရေးသားအပ်ပါသည်။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၂၀၈၄ ဧကရိတ်သိမ်းပြီးစီး

**ရွှေဘို နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၂၀၈၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၆၇၂ ဧကလျာထားစိုက်ပျိုးခဲ့ရာ ၂၀၈၄ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသောစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၀၈၄ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ မတ်ပဲကေ ၂၀၈၄ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မတ်ပဲစိုက်ပျိုးမှုအနေနဲ့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မတ်ပဲစိုက်ပျိုးမှုအနေနဲ့ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ရေးဆောင်ရွက်ပေးခဲ့ပါတယ်။ မတ်ပဲစိုက်ပျိုးရာသီမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့မတ်ပဲတွေ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ပြည်ပကဝယ်ယူမှုများပြားခြင်းကြောင့် မန္တလေးဈေးကွက်တွင် ကြက်သွန်ဖြူအရောင်းအဝယ်ကောင်းမွန်လာ



**မန္တလေး နိုဝင်ဘာ ၂**

ပြည်ပကဝယ်ယူမှုများပြားခြင်းကြောင့် မန္တလေးဈေးကွက်တွင် ကြက်သွန်ဖြူ အရောင်းအဝယ်ကောင်းမွန်လာကြောင်း အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း ယခုလက်ရှိနိုဝင်ဘာလပထမပတ်မှစ၍ ကြက်သွန်ဖြူအရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အလားတူ ယခုလက်ရှိတွင် ကြက်သွန်ဖြူများကို ပြည်ပနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံကလည်း အဝယ်များလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"အခု မန္တလေးဈေးကွက်ထဲမှာ ကြက်သွန်ဖြူတွေကို ကုန်သည်တွေအနေနဲ့ အဝယ်တော်တော်များလာပါတယ်။ ကြက်သွန်ဖြူ အဝယ် လိုက်လာတာကြောင့် မန္တလေးဈေးကွက်ထဲမှာကုန်လက်ကျန်တောင်နည်းလာပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

ပြည်တွင်း၌ ကြက်သွန်ဖြူ အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"အခုလတ်တလော ပခုက္ကူကနေ မန္တလေးကိုတင်ပို့တဲ့ကြက်သွန်ဖြူတွေကို ရန်ကုန်နဲ့တခြားမြို့ကြီးတွေကိုလဲ ပြန်ပြီးတင်ပို့နေရပါတယ်။ လတ်တလော ကြက်သွန်ဖြူအသစ်တွေ အဝယ်များလာတော့ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းနေပါတယ်"ဟု အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေကပြောပြ၍ သိရသည်။(၁၈၄)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း လယ်ကဏန်းပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း လယ်ကဏန်းပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက လယ်ကဏန်းပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း လယ်ကဏန်းပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါလယ်ကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

''ကျိုက်လတ်မြို့နယ်ကနေ ကဏန်းတွေအပါအဝင် ရေထွက်ကုန်ပစ္စည်းတွေကို ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ရန်ကုန်ဈေးကွက်ထဲကို လယ်ကဏန်း ပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချနေတဲ့ ကဏန်းတွေက လယ်ကွင်းထဲက ဖမ်းယူရရှိတာဖြစ်တယ်။ လက်ရှိမှာလဲ ဒီဘက်ကနေတင်ပို့ရောင်းချတဲ့ ထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လယ်ကဏန်းတွေ အဝယ်လိုက်နေတာက ပြည်တွင်းလိုအပ်ချက်နဲ့ ပြည်ပဈေးကွက်ရှိလာတာကြောင့်လို့သိရပါတယ်။ ကဏန်းတွေ ဝယ်ယူအားကောင်းလာတော့ ရေလုပ်ငန်းရှင်တွေက အရောင်းအဝယ်လုပ်ငန်း ပိုမိုလုပ်ကိုင်လည်ပတ်လာရပါတယ်'' ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ကဏန်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် လယ်ကဏန်းပိဿာချိန် ၁၀ လျှင် ငွေကျပ် ၉၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ လယ်ကဏန်းများ ဝယ်ယူအားကောင်းလာခြင်းကြောင့် ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သည့် လုပ်ငန်းရှင်များ အဆင်ပြေလာကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ




မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ကသာမြို့၊ မိုးဒါးလေးတောင်ပေါ်ကျောင်းတိုက် ဆရာတော် ဦးဝိသုဒ္ဓါက ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးခင်မောင်နှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

## ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၂၁၅၂၄ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကလေး နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၂၁၅၂၄ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၇၂၅၄ ကေနှင့် ဖူးစားပြောင်း ၆၀၂၈ ကေ စုစုပေါင်း ၂၃၂၈၂ ကေ လျာထားစိုက်ပျိုးခဲ့ရာ အစေ့ထုတ်ပြောင်း ၁၆၅၇၂ ကေနှင့် ဖူးစားပြောင်း ၆၃၀၇ ကေ စုစုပေါင်း ၂၂၈၇၉ ကေ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၆၅၇၂ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၆၇ ဒသမ ၀၂ တင်းနှင့် ဖူးစားပြောင်း ၄၉၅၂ ကေ ရိတ်သိမ်းပြီးစီးပြီး တစ်ကေလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ကေ ၂၂၈၇၉ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိအချိန်မှာတော့ ပြောင်းစိုက်ခင်းတွေ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၂၁၅၂၄ ကေရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ အထွက်နှုန်းကောင်းမွန်ကြပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ကေလျှင် တင်း ၆၀ ကျော်ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်း တစ်ကေလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။ (၂၀၆)

## ပြင်ဦးလွင်မြို့နယ် ညောင်ပေါက်ကျေးရွာ၌ ကတ္တရာလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ပြင်ဦးလွင် နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပေါက်ကျေးရွာ၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ညောင်ပေါက်ကျေးရွာ၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ညောင်ပေါက်ကျေးရွာ၌ လမ်းအရှည်ပေ ၅၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း ၁၈၀ အသုံးပြု၍ ၂၀၂၄ ခုနှစ် အောက်တိုဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ၎င်းကျေးရွာမှ ထွက်ကုန်များအချိန်နှင့်တစ်ပြေးညီ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်းသိရသည်။ **အေးသူ**

## ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၆၄၈ ကေ စိုက်ပျိုးမည်

**ငပုတော နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းမြေပဲ ၃၆၄၈ ကေထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်စွာထွန်းက ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းမြေပဲလျာထား ၃၆၄၈ ကေကို နိုဝင်ဘာလ ဒုတိယပတ်မှစတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံများ အခက်အခဲမရှိ စနစ်တကျ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းပြီး စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ငရုတ်ကောင်းမြို့က တောင်သူတွေဟာ မြေပဲအပြင် ဆီထွက်သီးနှံတွေကိုလဲ စိုက်ပျိုးကြပါတယ်။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ စုစုပေါင်း ၃၆၄၈ ကေထိ လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဆောင်းမြေပဲများကိုလျာထားချက်ပြည့်မီအောင် အခက်အခဲမရှိစနစ်တကျ စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ နည်းပညာနဲ့ စနစ်တကျစိုက်ပျိုးနိုင်ရေး စသည့် အသိပညာပေး လုပ်ငန်းတွေကို မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှမြို့နယ်ဦးစီးမှူး ဦးကျော်စွာထွန်းက ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် ဆောင်းမြေပဲများအပါအဝင် ဆောင်းသီးနှံများအခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် မျိုးစေ့များ၊ သွင်းအားစုများနှင့် အခြားလိုအပ်သည့်အရာများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများဖြစ်သည့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်းပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# လုပ်ငန်းကြီးပွားတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေသောအချက်များ

စီးပွားရေးလုပ်ငန်းတိုင်းသည် လှိုင်းလေမထန်ဘဲ သက်သောင့်သက်သာဖြင့် ချောချောမွေ့မွေ့ခရီးဆက်လိုကြသည်သာဖြစ်ကြသည်။ သို့သော်လည်း အချိန်ပြည့်ချောမွေ့နေကြသည်မဟုတ်ဘဲ မိုးကြီးလေထန်ကာလများကိုလည်း ဖြတ်သန်းကြရတတ်သည်။ လုပ်ငန်းအတွင်းပြဿနာများ၊ အခက်အခဲများကို ကြုံရတတ်သကဲ့သို့ ပြင်ပအခြေအနေများ၊ နိုင်ငံရေး၊ စီးပွားရေး၊နည်းပညာ စသည့် စီးပွားရေးဝန်းကျင်ပြောင်းလဲမှုများကြောင့်လည်း စိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများကို ကြုံတွေ့ရတတ်သည်။ ငွေကြေးအခက်အခဲများ၊ ကုန်အမှတ်တံဆိပ်ဆိုင်ရာကိစ္စများ၊ အခွန်အတုတ်ကိစ္စများ စသည်တို့သည်လည်း လုပ်ငန်းငယ်များအတွက် ကြီးမားသောစိန်ခေါ်မှုကြီးများဖြစ်တတ်ကြသည်။ ထို့ပြင် ကျွမ်းကျင်လုပ်သားရှားပါးမှုသည်လည်း လုပ်ငန်းငယ်များအတွက် ကြီးမားသော ပြဿနာတစ်ရပ်ဖြစ်နေတတ်သည်။ ခက်ခဲကြမ်းတမ်းသောကာလများတွင် စီးပွားရေးတိုးတက်နေရန်ထက် ရှိပြီးသားအခြေအနေကို မယုတ်လျော့သွားစေရန်အတွက် ပိုမိုသတိပြုရသည်။ ထို့ကြောင့် သိရှိသင့်သည့်အချက်များကို သိရှိရန်လိုအပ်သည်။ အောက်ပါအချက်များကိုကျင့်သုံးခြင်းဖြင့် သာမန်အခြေအနေတွင်လည်း လုပ်ငန်းကြီးပွားတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေနိုင်ပါသည်။

**လုပ်ရိုးလုပ်စဉ်ကိစ္စများနှင့် ကုန်ကျစရိတ်ကို ပြန်လည်သုံးသပ်ပါ**

ပထမဆုံးလုပ်သင့်သည့်အလုပ်မှာ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများနှင့် ကုန်ကျစရိတ်များကို ပြန်လည်စိစစ်သုံးသပ်ရန်ဖြစ်သည်။ မလိုအပ်သောကိစ္စများအတွက် ငွေမသုံးမိစေရန် အထူးသတိထားဆောင်ရွက်ရမည်ဖြစ်သည်။ ဥပမာ- မီတာခများဈေးတက်လာသည့်အချိန်တွင် မီးထွန်းညှိခြင်းနှင့်ပန်ကာ၊ အဲကွန်းစသည်တို့ဖွင့်ခြင်းများကို လိုအပ်ချိန်တွင်သာထွန်းထားရန်၊ သုံးစွဲရန်နှင့် မလိုအပ်သောအချိန်တွင် မီးနှင့်ပန်ကာများကို သေချာပိတ်ရန်လိုအပ်သည်။ ငွေချွေတာရာကျသကဲ့သို့ လျှပ်စစ်ပစ္စည်းများ၏ သက်တမ်းကိုလည်း ပိုရှည်စေသဖြင့် ထပ်မံငွေကြေးကုန်ကျမှုကိုလည်း တားဆီးရာရောက်သည်။ အလုပ်ခွင်အတွင်းတွင်လည်း ဝန်ထမ်းများ၊ လုပ်သားများကို မလိုအပ်သောကိစ္စများအတွက် ငွေမကုန်စေရေး တိတိကျကျမှာကြားထားရန်လိုအပ်သည်။ မလိုလားအပ်သောနေရာများအတွက် ကုန်ကျစရိတ်များပြားနေပါက ဝင်ငွေတိုးအောင် မည်မျှရှာနိုင်စေကာမူ အိတ်ပေါက်နှင့်ဖားကောက်ဆိုသကဲ့သို့သာ ဖြစ်နေမည်။ ထိုသို့ ကုန်ကျစရိတ်ကို ပြန်လည်သုံးသပ်၍ လျှော့ချနိုင်သမျှလျှော့ချပြီးမှ ဝင်ငွေတိုးတက်လာရေးအတွက် ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည်။

**ဖောက်သည်များ၏လိုလားချက်ကို နက်နက်ရှိုင်းရှိုင်း နားလည်နိုင်အောင်ကြိုးစားပါ**

ဖောက်သည်များနှင့် ရင်းနှီးနွေးထွေးသော ဆက်ဆံရေးမျိုးဖြစ်စေရန် ကြိုးစားရပါမည်။ ဆက်ဆံရေးကောင်းမွန်ပြီး ဖောက်သည်များ၏လိုအပ်ချက်ကို နက်နက်ရှိုင်းရှိုင်းသိရှိနေရန် ကြိုးစားရပါမည်။ သို့မှသာ ဖောက်သည်များ၏ အားပေးမှုကို အစဉ်ရရှိနိုင်မည်ဖြစ်သည်။ ဖောက်သည်များ စိတ်ကျေနပ်မှု၊ လိုလားချက်များကို ဖြည့်ဆည်းပေးနိုင်မှသာ မိမိတို့လုပ်ငန်း၏ ရောင်းကုန်များကို ပိုမိုရောင်းချလာရမည်ဖြစ်သည်။ တစ်ခါတစ်ရံတွင် ဖောက်သည်များက အရေးပေါ် လိုလားချက်များကို တောင်းဆိုတတ်ကြသည်။ ထိုအခါမျိုးတွင် ဖောက်သည်တစ်ဦးချင်းအတွက် လိုအပ်သောအချက်များကို ချက်ချင်းဖြည့်ဆည်းပေးနိုင်ခြင်းဖြင့် ဖောက်သည်၏ စိတ်ကျေနပ်မှုနှင့်ယုံကြည်ကိုးစားမှုကို ရရှိမည်ဖြစ်သည်။ ယုံကြည်သော ဖောက်သည်တစ်ဦးသည် ကနဦးဝယ်ယူသူ အများအပြားပေါင်းစုထားသည်ထက်ပင် မိမိလုပ်ငန်း၏ရောင်းအားကို တိုးတက်စေနိုင်သည်။ မိမိ၏ဝန်ထမ်း၊ အရောင်းစာရေးနှင့် လုပ်သားများဖြစ်စေ မည်သည့်အဆင့်ကမဆို ဖောက်သည်၏လိုလားချက်ကို ချက်ချင်း မြန်မြန်ဆန်ဆန်ဖြည့်ဆည်းပေးနိုင်ရမည်ဟုသင်ကြားထားရမည်။ အဆုံးအဖြတ်ပေးနိုင်မှု အတိုင်းအတာကို ဝန်ထမ်းများတွင် အဆင့်အလိုက် ခွဲဝေပေးထားခြင်းဖြင့် ဖောက်သည်များ၏လိုအပ်ချက်ကို လျင်မြန်စွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ အထူးသဖြင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ဖောက်သည်များ စောင့်ဆိုင်းချိန် နည်းနိုင်သမျှနည်းရေးကို အဓိကထားရမည်ဖြစ်သည်။

**ကိုယ်ချင်းစာတရားထားပါ**

အမြတ်အစွန်းအဓိကထားခြင်းမျိုးကို မစဉ်းစားဘဲ အရည်အသွေးနှင့် ဝန်ဆောင်မှုကောင်းရေးကို အဓိကထားရန်လိုအပ်သည်။ လုပ်ငန်းအတွက် ခက်ခဲသော အချိန်ကာလကို ဖြတ်သန်းနေရသည့်တိုင်အောင် ထိုအချိန်ကာလကို ဖြတ်သန်းရသူမှာ မိမိတစ်ဦးတည်းမဟုတ်သည်ကို သတိပြုရန်လိုအပ်သည်။ မိမိလုပ်ငန်းအတွင်းမှ ဝန်ထမ်းနှင့် အလုပ်သမားများ၊ မိမိ၏ဖောက်သည်များသည်လည်း အခက်အခဲကာလကိုဖြတ်သန်းပြီး ရုန်းကန်နေရမည်ဟု ကိုယ်ချင်းစာစိတ်ဖြင့်ကြည့်ရန်လိုအပ်သည်။ လုပ်ငန်းအောင်မြင်ရေးနှင့်အကျိုးအမြတ်ရရေးအပြင် အခြားသူများ၏အခက်အခဲကိုလည်း ငဲ့ညှာသနားရန်၊ ကိုယ်ချင်းစာစိတ်ဖြင့် ဆက်ဆံရန်လိုအပ်သည်။ ထို့ကြောင့် နူးညံ့စွာဆက်ဆံရန်၊ ယဉ်ကျေးပျူငှာစွာ ဆက်ဆံပြောဆိုရန် အထူးလိုအပ်သည်။ ကိုယ်ချင်းစာစိတ်ဖြင့် အလုပ်လုပ်လျှင် အောင်မြင်မှုပိုမိုရရှိမည်ဖြစ်သည်။

**ဦးစားပေးမှုအစီအစဉ်ထားပါ**

ယနေ့ ဈေးကွက်စီးပွားရေးခေတ်တွင် ပြိုင်ဆိုင်မှုများပြားသည်သာဖြစ်သည်။ အထူးသဖြင့် လုပ်ငန်းငယ်လေးများသည် အလွန်ပြိုင်ဆိုင်မှုပြင်းထန်ပြီး ရှင်သန်ရပ်တည်ရေးအတွက် ရုန်းကန်နေကြရသည်။ ထို့ကြောင့် လူသားဗဟိုပြုဦးစားပေးစနစ်ကို ထားရှိရန်လိုအပ်သည်။ အရာရာတွင် လုပ်ငန်းတွင်း ဦးစားပေးရမည့်သူများဖြစ်သော အလုပ်သမားများနှင့် ပြင်ပတွင် ဦးစားပေးရမည့်သူများဖြစ်သော ဖောက်သည်များကို သေချာစွာ ဆက်ဆံပေးနိုင်ရန် လိုအပ်သည်။

**မရှိမဖြစ် လိုအပ်ချက်**

လုပ်ငန်းငယ်လေးများအနေဖြင့် ဖောက်သည်များကိုလည်း တိတိကျကျသိရှိနိုင်သည်။ မည်သူသည် ဖောက်သည်ကောင်းဖြစ်သည်၊ မည်သူသည် အကျိုးအမြတ်အတွက်သာ လာရောက်သူဖြစ်သည်ကို ကွဲကွဲပြားပြားမြင်နိုင်သည်။ ထို့ပြင် လုပ်သားများအတွင်းတွင်လည်း မည်သူသည် ယုံကြည်ရသူဖြစ်သည်ကို ကွဲကွဲပြားပြားမြင်နိုင်သည်။ ထိုသူများထဲမှ မည်သူသည် မိမိအတွက် မရှိမဖြစ် ဖြစ်သည်ကို ရွေးချယ်ပြီး ထိုသူများအတွက်လည်း မိမိလုပ်ငန်းသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်နေစေရန် ကြိုးစားနိုင်သည်။ ဖောက်သည်များအတွက် အထောက်အကူပေးနိုင်သော၊ လိုအပ်ချက်ဖြစ်သော လုပ်ငန်းဖြစ်နေရန်ဆောင်ရွက်ရမည်။ သို့မှသာ ဖောက်သည်ကောင်းများသည် သစ္စာရှိဖောက်သည်များအဖြစ် ရာသက်ပန်တည်ရှိနေမည်ဖြစ်သည်။ မလိုအပ်သောကိစ္စများကို လျှော့ချပစ်ရန်လည်းလိုအပ်သည်။ မိမိအတွက် မရှိမဖြစ် လိုအပ်သည်များကိုသာ စုဆောင်းထားရန်၊ သာမန်မျှ လိုအပ်သည်များကို ကြိုတင်စုဆောင်းမထားရန်ဖြစ်သည်။

**ပြောင်းလွယ်ပြင်လွယ်ဖြစ်ရေး**

လုပ်ငန်းအတွက်ထားရှိသော ကတိကဝတ်များ၊ စာချုပ်စာတမ်းများနှင့်ပတ်သက်၍ ပြင်ဆင်နိုင်ရန် အလျှော့ပေးနိုင်ရန်လည်းလိုအပ်သည်။ တိတိကျကျချိန်းဆိုမှုများကို အလျှော့ပေးနိုင်သမျှ အလျှော့ပေးချုပ်ဆိုမှုများထားရှိနိုင်ရန် ကြိုတင်စဉ်းစားထားရပါမည်။ အခက်အခဲနှင့်ရင်ဆိုင်နေရသော ဖောက်သည်များဖြစ်ပါက ယခင်က ယုံကြည်စိတ်ချရမှု၊ လက်ရှိကြုံနေရသောအခက်အခဲများကို သုံးသပ်ပြီး ဈေးလျှော့ပေးခြင်း၊ ငွေပေးချေမှုကို အချိန်ရွှေ့ဆိုင်းပေးခြင်း စသည်တို့ကိုပြင်ဆင်ပေးနိုင်ရန်လိုအပ်သည်။ ဖောက်သည်များအတွက် ဈေးလျှော့ပေးခြင်း၊ မက်လုံးပေးခြင်းများသည် လုပ်ငန်းငယ်လေးများအတွက်အထူးလိုအပ်သည်။ ထို့ကြောင့် ဖောက်သည်များ၏ဝယ်နိုင်စွမ်းတိုးလာရေးအတွက် စဉ်းစားပေးရမည်ဖြစ်သည်။ မိမိထံမှတစ်ဆင့် ပြန်လည်ရောင်းချသူများကို အခြားသူများထက်ဈေးလျှော့ပေးခြင်းဖြင့် ထိုဖောက်သည်များ ရှင်သန်ရပ်တည်ရေး ပိုပြီးအားကောင်းစေအောင် ကူညီနိုင်သည်။ ထို့ကြောင့် စည်းမျဉ်းစည်းကမ်းများကို အသေချမှတ်ဆောင်ရွက်ခြင်းအစား ပြောင်းလွယ်ပြင်လွယ်သည့်စနစ်မျိုးကို ထူထောင်ထားသင့်သည်။

**ဖောက်သည်များရှေ့မှရပ်ပါ**

မိမိတစ်ဆင့်ယူရောင်းချသော ပစ္စည်းများဖြစ်ပါက နစ်နာစရာရှိလျှင် မိမိထံမှဝယ်ယူသူများ မနစ်နာစေဘဲ မိမိကသာ အရှုံးနှင့်အနစ်နာခံခြင်းကို ခံယူရန်ဖြစ်သည်။ ဥပမာ- ကုန်ပစ္စည်း ၁၀ မျိုးရောက်ရှိလာရာတွင် တစ်မျိုးတွင် အနာအဆာပါဝင်နေပါက ဖောက်သည်မသိအောင် ဖုံးဖိရောင်းချပေးလိုက်ခြင်းမပြုဘဲ အနာအဆာပါကြောင်းရှင်းပြခြင်း၊ ဈေးလျှော့ပေးခြင်းတို့ကို မဖြစ်မနေဆောင်ရွက်သင့်သည်။ အွန်လိုင်းမှရောင်းချရသည့်အခြေအနေမျိုးတွင် ပစ္စည်းအရည်အသွေးနှင့်ပတ်သက်၍ မှန်ကန်စွာရောင်းချခြင်း၊ ဖောက်သည်မနစ်နာစေရန် ပို့ဆောင်ခကို သက်သာရေးစီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်။ မည်သည့်ကိစ္စနှင့်မဆို ဖောက်သည်များ မနစ်နာစေရေး၊ အရည်အသွေးမှန်ရရှိစေရေးနှင့် အခြားသောဝန်ဆောင်မှုကောင်းများ ဆောင်ရွက်ပေးခြင်းတို့သည် ဖောက်သည်များရှေ့မှ မားမားမတ်မတ်ရပ်ပေးခြင်းပင်ဖြစ်သည်။

**ငွေကြေးလုံခြုံမှုကို ဦးစားပေးပါ**

လုံခြုံမှုရှိရေးကို ဦးစားပေးနိုင်ရပါမည်။ အကျိုးအမြတ်များစွာရရှိရေး၊ တိုးတက်ရေးထက် မိမိရှိပြီးအခြေအနေမှ လျှောမကျရေး၊ လုပ်ငန်းမပျက်ရေးကို ဦးစားပေးရပါမည်။ ထိုသို့ ဦးစားပေးနိုင်ရန်အတွက် လုပ်ငန်း၏ ငွေကြေးလုံခြုံမှုရှိရန်အချက်သည် အလွန်အရေးကြီးသည်။ လုပ်ငန်းထပ်မံတိုးချဲ့ရေးထက် လုပ်ငန်းကို ခြိုးခြံချွေတာရေး၊ မလိုအပ်သည့်အသုံးစရိတ်များလျှော့ချရေးတို့ကို ဦးစားပေးရမည်ဖြစ်သည်။ လုပ်ငန်းအတွက် မဖြစ်မနေအသုံးပြုရမည်များကိုသာသုံးသင့်သည်။ ကြော်ငြာများအတွက် အမြောက်အမြားကုန်ဆုံးခြင်းမျိုးကို ရှောင်ရှားပြီး လုပ်ငန်းအတွက်ဖြစ်စေ၊ ဖောက်သည်အတွက် အကျိုးအရှိဆုံးကိုဖြစ်စေ ရွေးချယ်ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်သည်။ လည်ပတ်နေသော ငွေကြေးအရင်းအနှီး၏ တန်ဖိုးမလျှော့ကျစေရေးကို အဓိကစဉ်းစားနိုင်ရန် လိုအပ်သည်။

**ဖောက်သည်ဦးစားပေးစနစ်နှင့် ဖောက်သည်စွဲမြဲစေခြင်း**

ဖောက်သည်များခက်ခဲနေချိန်တွင် ဖောက်သည်များကို ပို၍ဦးစားပေးစဉ်းစားပေးရပါမည်။ ဖောက်သည်ကဲ့သို့ခံစားပြီး မိမိလုပ်ငန်း၏ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ရန်လိုအပ်သည်။ လုပ်ငန်းငယ်များအဖို့ ဝယ်လိုအားတိုးတက်ရေးသည် အရေးအကြီးဆုံးဖြစ်သဖြင့် ဖောက်သည်များ ခိုင်မာတိုးတက်ရေးသည်လည်း အရေးအကြီးဆုံးဖြစ်သည်။ ထို့ကြောင့် အရာရာတွင် ဖောက်သည်နေရာမှစဉ်းစားပြီး ၎င်း၏အခက်အခဲများပြေလည်ရေး၊ သွားလာမှု အဆင်ပြေချောမွေ့ရေး စီစဉ်ပေးခြင်း၊ ဈေးလျှော့ပေးနိုင်သမျှပေးခြင်း စသည့်အချက်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ဖောက်သည်များ စွဲမြဲစွာလာရောက်နေရေးကို အဓိကထားရမည်ဖြစ်သည်။ ဖောက်သည်သည် အခြားမည်သူ့ထံမှမသွားဘဲ မိမိထံမှသာဝယ်ယူသူမျိုးဖြစ်ရန် ဖြစ်နိုင်သည့်နည်းလမ်းမျိုးစုံကို သုံးစွဲနိုင်ရပါမည်။ အကောင်းဆုံးသောဝန်ဆောင်မှုများဖြင့် ဆွဲဆောင်ထားနိုင်ရန်လိုအပ်သည်။

**မဟာဗျူဟာများ**

မဟာဗျူဟာများကို အမှန်တရားနှင့်အနီးစပ်ဆုံး ရေးဆွဲနိုင်ရမည်။ လုပ်ငန်းမဟာဗျူဟာဆိုသည်မှာ နောင်နှစ်ပေါင်းများစွာတိုင်အောင် မှန်ကန်နေရန်လိုအပ်သည်။ ထို့ကြောင့် ယနေ့ အခြေအနေနှင့် အကိုက်ညီဆုံးဖြစ်သည့် မဟာဗျူဟာမျိုးကို ရေးဆွဲအကောင်အထည်ဖော်ရမည်။ အောင်မြင်လိုစိတ်တစ်ခုတည်းဖြင့် မဖြစ်နိုင်သည်များကို ရေးဆွဲအကောင်အထည်ဖော်ပါက နောက်ပိုင်းတွင် အခက်အခဲများသာ ထပ်ဆင့်တိုးပွားလာမည်ဖြစ်သည်။

စာမျက်နှာ ၅ သို့ ➤

❖လုပ်ငန်းထပ်မံတိုးချဲ့ရေးထက် လုပ်ငန်းကို ခြိုးခြံချွေတာရေး၊ မလိုအပ်သည့်အသုံးစရိတ်များ လျှော့ချရေးတို့ကို ဦးစားပေးရမည် ဖြစ်သည်။ လုပ်ငန်းအတွက် မဖြစ်မနေအသုံးပြုရမည်များကိုသာ သုံးသင့်သည်။ ကြော်ငြာများအတွက် အမြောက်အမြားကုန်ဆုံးခြင်း မျိုးကိုရှောင်ရှားပြီး လုပ်ငန်းအတွက်ဖြစ်စေ၊ ဖောက်သည်အတွက် အကျိုးအရှိဆုံးကိုဖြစ်စေ ရွေးချယ်ဆောင်ရွက်ပေးနိုင်ရမည်ဖြစ် သည်။ လည်ပတ်နေသော ငွေကြေးအရင်းအနှီး၏ တန်ဖိုးမလျှော့ ကျစေရေးကို အဓိကစဉ်းစားနိုင်ရန် လိုအပ်သည်။ ❖

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၉၈၅ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ၉၈၅ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၄၀၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လက စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၉၈၅ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၀ ဒသမ ၃၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ မြေပဲ ၁၄၀၅ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဒီနှစ် စိုက်ပျိုးထားတဲ့မြေပဲတွေ အခု လက်ရှိမှာတော့ နုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၉၈၅ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့်မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ်နှစ်သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၂၀ ကျော်ထွက်ရှိကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(၂၀၆)

## ကောင်းကျိုးတရား တိုးစေသား

\- မင်္ဂလာ ရှိသောစကား
နှုတ်ဖျားမှ ပြောဆိုလေ၊
အမုန်းကို ရှောင်ကြဉ်ကွင်း
ချစ်ခြင်းပေးဝေ၊
ကောင်းမြတ်သည့် အလုပ်တွေ
ပြုလျက်နေ မင်္ဂလာမြဲ၊
ပျော်စရာ အမှန်ဖြစ်လို့
နေ့သစ်ကို နွှဲ။

\- အချိန်ကို စည်းကမ်းထား
နည်းလမ်းများ လက်ဆွဲပါ၊
စီးပွားရှာ သမ္မာအာဇီဝ
မျှတရမှာ၊
ဖြတ်လမ်းလည်း မကြိုက်ရာ
မင်္ဂလာ ဖြစ်စေအကျိုး၊
ပညာသင် လမ်းကောင်းရောက်
ထွန်းတောက်ဂုဏ်တိုး။

\- ကျက်သရေ မင်္ဂလာလွှမ်း
အေးချမ်းဖို့ စီမံကွယ်၊
မင်္ဂလာ ဂုဏ်သတင်း
ထုံသင်းမွှေးမယ်၊
လိုတရ ပြည့်စုံကြွယ်
သောကရယ် မရှိဝေး၊
ထာဝစဉ် ကောင်းကျိုးတရား
တိုးပွားမည်လေး။ ။

ရွှေမြိုင်သူ(မြန်မာစာ)

➤ စာမျက်နှာ ၄ မှအဆက်

ထို့ပြင် ငွေကြေးဆိုင်ရာမဟာဗျူဟာများအဖြစ်လည်း အသုံးစရိတ်ချွေတာခြင်း၊ လုပ်သားအင်အားမှအစ စိစစ်ခြိုးခြံခြင်း၊ လုပ်ငန်းချဲ့ထွင်မှုများကို ပြန်လည်စိစစ်ခြင်းတို့ကို ဆောင်ရွက်ရမည်။ ဝင်ငွေတိုင်း၏ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိကို ရင်းနှီးမြှုပ်နှံမှုတွင် ပြန်လည်ထည့်သွင်းရန်လိုအပ်သည်။

**စိတ်တည်ငြိမ်ပါစေ**

မည်သည့်အခက်အခဲများဖြစ်လာပါစေ တည်တည်ငြိမ်ငြိမ်ဖြေရှင်းမည်။ တည်ငြိမ်စွာကျော်လွှားမည်ဟု ကြိုတင်ပြင်ဆင်ထားရန်လိုအပ်သည်။ ခန့်မှန်းရခက်ခဲသည့်အနာဂတ်ကို တည်တည်ငြိမ်ငြိမ်ဖြင့် ရင်ဆိုင်နိုင်ရန်အတွက်လည်း စိတ်ဓာတ်ကို ပြင်ဆင်ထားနိုင်ရပါမည်။ အဆုံးအရှုံးများကြုံရလျှင်လည်း တည်တည်ငြိမ်ငြိမ်ရင်ဆိုင်နိုင်ရန်လိုအပ်ပါသည်။ စိတ်ပိုင်းဆိုင်ရာ ပြင်ဆင်မှုများကိုပါ လုပ်ကိုင်ထားနိုင်ရမည်။ ထို့ပြင် စိတ်ဓာတ်ခိုင်မာရန် တရားထိုင်ခြင်းကဲ့သို့ စိတ်ပိုင်းဆိုင်ရာတည်ငြိမ်ရေးကိုလည်း လေ့ကျင့်နေသင့်သည်။ စိတ်ညစ်ခြင်းများကြုံရလျှင် အပျော်အပါး၊အသောက်အစားဖြင့် စိတ်ပြေအောင်လုပ်ခြင်းမျိုးကို ရှောင်ပြီး တည်တည်ငြိမ်ငြိမ်ဖြင့် မည်သို့ဖြေရှင်းမည်၊ မည်သို့ကျော်လွှားမည်ကို စဉ်းစားဆုံးဖြတ်သွားရန်လိုအပ်သည်။ အခက်အခဲများနှင့် ရင်ဆိုင်နေရချိန်တွင် စိတ်ဓာတ်ခိုင်မာရန်နှင့် တည်ငြိမ်ရန်မှာ အထူးလိုအပ်ချက်ဖြစ်သည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းတိုင်းတွင် မိတ်ဆွေကောင်းများရှိထားခြင်းသည်လည်း အားသာချက်တစ်ခုဖြစ်သဖြင့် လိုအပ်သော အရင်းအနှီးငွေကြေးကို ချက်ချင်းရရှိစေနိုင်သည့် မိတ်ဆွေကောင်းမျိုးလည်းရှိထားရန် လိုအပ်သည်။ ထို့ကြောင့် သံချပ်ကာဖြင့် လုံခြုံမှုယူခြင်းသည် နှေးကွေးသည်ဟုထင်ရသော်လည်း ရှင်သန်ခြင်းကို ပိုမိုဖြစ်ထွန်းစေသည်။ ရှင်သန်နေလျှင် အချိန်မရွေးပြန်လည်တိုးတက်အောင်မြင်လာနိုင်သည်။ ထို့ကြောင့် အကာအကွယ်များဖြင့် လုပ်ငန်းရှင်သန်ကြီးပွားရေးကို ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- 15 smart ways to safeguard your small business in tumultuous times of Fobes

**မျိုးသူ(ကုန်သွယ်မြှင့်)**

COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



COVID-19 ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

## နိုင်ငံတကာ သတင်းများ

# နှစ်နိုင်ငံသဘောတူညီချက်များ အကောင်အထည်ဖော်ရေးကတိကဝတ် ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးများ ထပ်လောင်းအတည်ပြု



**ပြုံယမ်း နိုဝင်ဘာ ၂**

ယခုနှစ် ဇွန်လအတွင်း ရယူထားသည့် နှစ်နိုင်ငံသဘောတူညီချက်များကို အကောင်အထည်ဖော်ရေးကတိကဝတ်ကို ရုရှားနှင့် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများက ထပ်လောင်းအတည်ပြုခဲ့ကြသည်ဟု မြောက်ကိုရီးယားအစိုးရအာဘော် ကေစီအင်န်အေသတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ချိုဆွန်ဟွီးနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်တို့သည် ယနေ့တွင် မော်စကိုမြို့၌တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ကေစီအင်န်အေသတင်းဌာန၏အဆိုအရသိရသည်။

ရုရှားနိုင်ငံ၏ ယူကရိန်းစစ်ပွဲ၌ မြောက်ကိုရီးယားပါဝင်ပတ်သက်လာမှုနှင့်ပတ်သက်၍ အနောက်အုပ်စုနိုင်ငံများက စိုးရိမ်နေကြချိန်တွင် ရုရှားနိုင်ငံသို့ မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ရောက်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားသမ္မတပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်တို့သည် ယခုနှစ် ဇွန်လအတွင်း နှစ်နိုင်ငံ ကာကွယ်ရေးသဘောတူညီချက်တစ်ရပ် ရယူထားခဲ့သည်။


ယင်းသဘောတူညီချက်အရ ရုရှားနှင့် မြောက်ကိုရီးယားတို့အနေဖြင့် တစ်နိုင်ငံ စစ်ရေးအရ တိုက်ခိုက်ခံရချိန်တွင် ကျန်တစ်နိုင်ငံက စစ်ရေးအကူအညီများ ဖြည့်ဆည်းပေးရမည်ဖြစ်သည်။

မြောက်ကိုရီးယား တပ်ဖွဲ့ဝင် ၁၀၀၀၀ထိ ရုရှားနိုင်ငံသို့ရောက်ရှိနေသည်ဟု အမေရိကန်နိုင်ငံနှင့် အနောက်အုပ်စုနိုင်ငံများက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# တရုတ်သမ္မတနှင့် ဆလိုဗက်ကီးယားဝန်ကြီးချုပ်တို့ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေး



**ပေကျင်း နိုဝင်ဘာ ၂**

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်ဆက်ဆံရေးကို မြှင့်တင်မည်ဖြစ်ကြောင်း တရုတ်နှင့် ဆလိုဗက်ကီးယားနိုင်ငံတို့က နိုဝင်ဘာ ၁ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ပေကျင်းမြို့သို့ ရောက်ရှိနေသည့်ဆလိုဗက်ကီးယားဝန်ကြီးချုပ်ရောဘတ်ဖီကိုသည် နိုဝင်ဘာ ၁ ရက်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆလိုဗက်ကီးယားဝန်ကြီးချုပ်ရောဘတ်ဖီကိုသည် တရုတ်နှင့် ဆလိုဗက်ကီးယားကြား မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးစတင်ရန် ရည်ရွယ်ချက်ဖြင့် တရုတ်နိုင်ငံသို့ရောက်ရှိနေခြင်းဖြစ်သည်။

ဆလိုဗက်ကီးယား နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရေးအတွက် တရုတ်စီးပွားရေးလုပ်ငန်းရှင်များကို မိမိတွန်းအားပေးမည်ဖြစ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ဆလိုဗက်ကီးယားဝန်ကြီးချုပ်နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့ကြား ကုန်သွယ်ရေးတင်းမာမှုများမြင့်တက်နေချိန်တွင် ဆလိုဗက်ကီးယားဝန်ကြီးချုပ်က တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

ဆလိုဗက်ကီးယားနိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သလို မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# နိုင်ငံပေါင်း ကိုးနိုင်ငံတို့မှ နိုင်ငံသားများအတွက် ဗီဇာမဲ့ပြည်ဝင်ခွင့် တရုတ်ထပ်မံပေးအပ်

**ပေကျင်း နိုဝင်ဘာ ၂**

တောင်ကိုရီးယား၊ နော်ဝေနှင့် ဖင်လန်အပါအဝင် နိုင်ငံပေါင်း ကိုးနိုင်ငံတို့မှ နိုင်ငံသားများကို တရုတ်နိုင်ငံအတွင်းသို့ ဗီဇာမဲ့ပြည်ဝင်ခွင့်ပေးရန် စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

နိုင်ငံပေါင်း ကိုးနိုင်ငံတို့မှ နိုင်ငံသားများအတွက် ဗီဇာမဲ့ပြည်ဝင်ခွင့်ပေးအပ်မည့် အစီအစဉ်ကို တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁ ရက်တွင် အတည်ပြုကြေညာထားသည်။

တောင်ကိုရီးယား၊ နော်ဝေ၊ ဖင်လန်၊ ဆလိုဗက်ကီးယား၊ ဒိန်းမတ်၊ အိုက်စလန်၊ အန်ဒိုရာ၊ မိုနာကိုနှင့် လက်ချင်စတိန်းတို့မှ နိုင်ငံသားများအနေဖြင့် နိုဝင်ဘာ ၈ ရက်မှစ၍ တရုတ်နိုင်ငံသို့ လာရောက်ပါက ဗီဇာမဲ့ပြည်ဝင်ခွင့်ရရှိနိုင်မည်ဖြစ်ကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါနိုင်ငံ ကိုးနိုင်ငံတို့မှ နိုင်ငံသားများအနေဖြင့် တရုတ်နိုင်ငံသို့ စီးပွားရေးကိစ္စကြောင့်ဖြစ်စေ၊ အလည်အပတ်လာရောက်သည်ဖြစ်စေ၊ ခရီးကြုံဝင်ရောက်သည်ဖြစ်စေ ၁၅ ရက်သက်တမ်းရှိ ဗီဇာမဲ့ပြည်ဝင်ခွင့်ကို ခံစားရယူနိုင်မည်ဖြစ်သည်။

အဆိုပါအစီအစဉ်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ထိ အာဏာသက်ဝင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ကြေညာထားသည်။

တရုတ်နိုင်ငံသည် လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံပေါင်း ၅၄ နိုင်ငံတို့မှ နိုင်ငံသားများအတွက် ဗီဇာမဲ့ ပြည်ဝင်ခွင့်အစီအစဉ်များ ကမ်းလှမ်းထားပြီး ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အရှေ့အလယ်ပိုင်းဒေသ၌ စစ်အင်အားဖြည့်တင်းရန် အမေရိကန်နိုင်ငံ စီစဉ်

**နယူးယောက် နိုဝင်ဘာ ၂**

အရှေ့အလယ်ပိုင်း ဒေသ၌ စစ်အင်အားများ ထပ်မံဖြည့်တင်းမည့်အစီအစဉ်ကိုအမေရိကန်နိုင်ငံက နိုဝင်ဘာ ၁ ရက်တွင် အတည်ပြုကြေညာထားသည်။

အီရန်နှင့် အမေရိကန်နိုင်ငံ၏ မဟာမိတ် အစ္စရေးနိုင်ငံတို့ကြား စစ်ရေးတင်းမာမှုများမြင့်တက်နေချိန်တွင် အရှေ့အလယ်ပိုင်းဒေသသို့ စစ်အင်အားများ ထပ်မံဖြည့်ဆည်းရန် စီစဉ်ထားခြင်းဖြစ်သည်။

အမေရိကန်အစိုးရက အရှေ့အလယ်ပိုင်းဒေသသို့ ထပ်မံစေလွှတ်မည့် စစ်အင်အားစုများထဲတွင် ဘီ-၅၂အမျိုးအစား တာဝေးပျံ ဗုံးကြဲလေယာဉ်များနှင့် ဒုံးကျည်ကာကွယ်ရေးစနစ် တပ်ဆင်ထားသောဖျက်သင်္ဘောများလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါစစ်လေယာဉ်များနှင့် စစ်သင်္ဘောများသည် လာမည့်လများအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းရှိ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အမေရိကန်အကျိုးစီးပွားများအား အီရန်က တိုက်ခိုက်မည့်အရေးကို တားဆီးရေးအတွက်အရှေ့အလယ်ပိုင်းဒေသ၌ စစ်အင်အားထပ်ဖြည့်ရန် စီစဉ်ထားခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အစ္စရေးနှင့် အီရန်တို့ကြား အပြန်အလှန် လက်တုံ့ပြန် တိုက်ခိုက်မှုများကြောင့် အရှေ့အလယ်ပိုင်းဒေသ၌ စစ်ရေးတင်းမာမှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဆားဘီးယားနိုင်ငံ၌ ဘူတာရုံအမိုးပြိုကျမှုကြောင့် လူပေါင်း ၁၄ ဦး သေဆုံး



**ဘဲလ်ဂရိတ် နိုဝင်ဘာ ၂**

ဆားဘီးယားနိုင်ငံ နိုဗီဆက်အမည်ရှိမြို့၌ နိုဝင်ဘာ ၁ ရက်တွင် ရထားဘူတာရုံအမိုး ပြိုကျခဲ့ရာ လူပေါင်း၁၄ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

လက်ရှိအချိန်တွင် အပျက်အစီးများကြား ပိတ်မိနေဖွယ်ရှိသူများကို ကယ်တင်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေး သမားများက ကြိုးစားလျက်ရှိသည်။

အလျား ၁၁၅ ပေထိရှိသည့် ဘူတာရုံအမိုးပြိုကျမှုသည် နိုဝင်ဘာ ၁ ရက် မွန်းလွဲပိုင်းတွင် ပြိုကျခဲ့ခြင်းဖြစ်သည်။

ဘူတာရုံအမိုးပြိုကျမှုကြောင့် သေဆုံးသူအရေအတွက် သိသိသာသာ မြင့်မားလာနိုင်ခြေမရှိကြောင်း ဆားဘီးယားရဲတပ်ဖွဲ့က ပြောကြားထားသည်။

ဘူတာရုံအမိုး ပြိုကျမှုဖြစ်ပွားခဲ့ပြီးနောက် ယင်းဘူတာရုံမှရထားများထွက်ခွာမှုကို ရပ်ဆိုင်းထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဘူတာရုံအမိုးပြိုကျမှု နောက်ခံအကြောင်းရင်းကို ဆားဘီးယားတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးများက တီယန်ကောင်းအာကာသစခန်း၏ လုပ်ငန်းတာဝန်များကို ရှန်ကျိုး-၁၈ ယာဉ်မှူးများထံမှ တရားဝင်လွှဲပြောင်းရယူ



**ပေကျင်း နိုဝင်ဘာ ၂**

တရုတ်အမျိုးသား အာကာသအေဂျင်စီ၏ ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးများသည် နိုဝင်ဘာ ၁ ရက်တွင် တီယန်ကောင်း အာကာသစခန်း၏ လုပ်ငန်းတာဝန်များကို ရှန်ကျိုး-၁၈ ယာဉ်မှူးများထံမှ တရားဝင်လွှဲပြောင်းရယူခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၃၀ ရက်တွင် လွှတ်တင်ခဲ့သည့် ရှန်ကျိုး-၁၉ အာကာသ လူသယ်ယာဉ်သည် ထိုနေ့မှာပင် တီယန်ကောင်း အာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့သည်။

လောင်းမတ်ချ်-၂ အက်ဖ် ဒုံးပျံဖြင့် လွှတ်တင်ခဲ့သော ရှန်ကျိုး-၁၉ အာကာသလူသယ်ယာဉ်ပေါ်တွင် အာကာသယာဉ်မှူး သုံးဦးလိုက်ပါသွားသည်။

ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးသုံးဦးသည် တီယန်ကောင်း အာကာသစခန်း၌ ခြောက်လကြာ တာဝန် ထမ်းဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးများ ရောက်ရှိလာခဲ့ပြီးနောက် ရှန်ကျိုး-၁၈ အာကာသယာဉ်မှူးသုံးဦးတို့သည် နိုဝင်ဘာ ၄ ရက်တွင် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်ရန် စီစဉ်ထားကြောင်း သိရသည်။

ရှန်ကျိုး-၁၉ အာကာသယာဉ်မှူး သုံးဦးသည် တီယန်ကောင်း အာကာသစခန်း၌ ခြောက်လကြာ တာဝန်ထမ်းဆောင်စဉ် သိပ္ပံနည်းပညာစမ်းသပ်မှု ၈၆ ခုထိ ပြုလုပ်ရန်စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**


## ISS မှ အာကာသယာဉ်မှူးများ အာကာသစခန်းပြင်ပထွက်ခွာမှုကို ၂၀၂၅ ခုနှစ် နှစ်စပိုင်းတွင် ပြန်လည်စတင်ပြုလုပ်ရန် နာဆာအဖွဲ့ စီစဉ်ထား

**ဝါရှင်တန် နိုဝင်ဘာ ၂**

နိုင်ငံတကာ အာကာသစခန်း (ISS)ပေါ်မှ အာကာသယာဉ်မှူးများ အာကာသစခန်းပြင်ပထွက်ခွာမှုကို ၂၀၂၅ ခုနှစ် နှစ်စပိုင်းတွင် ပြန်လည်စတင်ပြုလုပ်ရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) အဖွဲ့က စီစဉ်ထားကြောင်း နိုဝင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

အာကာသစခန်း ပြင်ပသို့ ထွက်ခွာရာတွင် အသုံးပြုသည့် စတီခုံချို့ယွင်းမှု ပြဿနာတစ်ရပ်ကြောင့် နာဆာအဖွဲ့သည် နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ အာကာသယာဉ်မှူးများ ထွက်ခွာမှုကို ယခုနှစ် ဇွန်လတွင် စတင်ရပ်ဆိုင်းထားသည်။

သို့ရာတွင် မိမိတို့အနေဖြင့် နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ယာဉ်မှူးများ ထွက်ခွာမှုကို လာမည့်နှစ် နှစ်စပိုင်းတွင် ပြန်လည်လုပ်ဆောင်ရန် စီစဉ်ထား



ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားထားသည်။

နိုင်ငံတကာအာကာသစခန်းမှ နာဆာ အာကာသယာဉ်မှူးများသည် ယခုနှစ် ဇွန် ၁၄ ရက်တွင် နိုင်ငံတကာ အာကာသစခန်းပြင်ပ ထွက်ခွာ၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ၆ ဒသမ ၅ နာရီကြာ ပြုလုပ်ရန်စီစဉ်ထားသော်လည်း ယာဉ်မှူးတစ်ဦး၏ ဝတ်စုံချို့ယွင်းမှုကြောင့် အစီအစဉ်ဖျက်သိမ်းခဲ့ရသည်။

နိုင်ငံတကာ အာကာသစခန်းပေါ်မှ ယာဉ်မှူးများသည် ၁၉၉၈ ခုနှစ်မှလက်ရှိထိ အာကာသစခန်းပြင်ပ ထွက်ခွာမှုအကြိမ်ရေ ၂၇၀ ကျော်ပြုလုပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်းပြင်ပထွက်ခွာမှုများကို အာကာသစခန်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် အဓိကပြုလုပ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## နာဆာ၏ ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က အင်္ဂါဂြိုဟ်နေကြတ်မှုဖြစ်စဉ်တစ်ရပ်ကို စောင့်ကြည့်မှတ်တမ်းတင်နိုင်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်နေကြတ်မှုဖြစ်စဉ် တစ်ရပ်ကို စောင့်ကြည့် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း နိုဝင်ဘာ ၁ ရက်သတင်းများအရ သိရသည်။

စက်တင်ဘာ ၃၀ ရက်တွင် အင်္ဂါဂြိုဟ်၏ ဂြိုဟ်ရံလနှစ်စင်းအနက် တစ်စင်းဖြစ်သည့် ဖိုးဘော့စ် ဂြိုဟ်ရံလသည် နေနှင့်အင်္ဂါဂြိုဟ်ကြား ဖြတ်သန်းခဲ့ရာ အင်္ဂါဂြိုဟ်နေကြတ်မှုဖြစ်စဉ် ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အင်္ဂါဂြိုဟ်နေကြတ်မှုဖြစ်စဉ်ကို ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ် Mastcam-Z ကင်မရာစနစ်ဖြင့် မှတ်တမ်းရယူနိုင်ခဲ့ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် ယခင်ကလည်း အင်္ဂါဂြိုဟ် နေကြတ်မှုဖြစ်စဉ်များကို မကြာခဏ စောင့်ကြည့်လေ့လာနိုင်ခဲ့ကြောင်း သိရသည်။

ဖိုးဘော့စ် ဂြိုဟ်ရံလသည် အင်္ဂါဂြိုဟ်ကို ၇ ဒသမ ၆ နာရီလျှင် တစ်ကြိမ်ကျ လှည့်ပတ်နေသည့် ဂြိုဟ်ရံလဖြစ်သည်။

သို့ဖြစ်ရာ အထက်ပါအခြေအနေကြောင့် အင်္ဂါဂြိုဟ်သည် ကမ္ဘာမြေထက် နေကြတ်မှုဖြစ်စဉ်များကို ပိုမိုကြုံတွေ့ရတတ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## Ozempic နှင့် Wegovy ဆေးများက ဒူးခေါင်းအဆစ်အမျက်ရောင်ရမ်းမှုကို လျှော့ချနိုင်

**နယူးယောက် နိုဝင်ဘာ ၂**

Ozempic နှင့် Wegovy ဆေးများသည် ဒူးခေါင်းအဆစ်အမျက်ရောင်ရမ်းမှုဝေဒနာကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း နိုဝင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

Ozempic နှင့် Wegovy ဆေးများသည် ဆီးချိုရောဂါနှင့် ကိုယ်အလေးချိန်လျှော့ချရေးတို့အတွက် အသုံးပြုသည့် GLP-1 အုပ်စုဝင် ဆေးများဖြစ်ကြသည်။

သို့ရာတွင် အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အထက်ပါ ထိုးဆေးနှစ်မျိုးတွင်ပါဝင်သည့် Semaglutide ဓာတုဒြပ်ပေါင်းသည် ဒူးခေါင်းအဆစ်အမျက် ရောင်ရမ်းမှုဝေဒနာကိုလည်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဒူးခေါင်းအဆစ်အမျက်ရောင်ရမ်းနာရောဂါ လူနာ ၄၀၇ ဦးကို Semaglutide ဖြင့် လက်တွေ့စမ်းသပ်ကုသမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ Semaglutide ဆေးသည် ဒူးခေါင်းအဆစ်အမျက်ရောင်ဝေဒနာကို ၅၀ ရာခိုင်နှုန်းခန့်ထိ လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကိုယ်အလေးချိန် ပုံမှန်ထက်လွန်ကဲသူများတွင် ဒူးခေါင်းအဆစ်အမျက် ရောင်ရမ်းမှုပြဿနာ ပေါ်လာနိုင်ခြေ မြင့်မားလာတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ဓမ္မတာရာသီကုန်ဆုံးချိန်နောက်ကျသူ အမျိုးသမီးများ၌ ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်

**အော့တဝါ နိုဝင်ဘာ ၂**

ဓမ္မတာရာသီ ကုန်ဆုံးချိန် နောက်ကျသည့် အမျိုးသမီးများ၌ ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၁ ရက်တွင် ပြောကြားသည်။

ကနေဒါနိုင်ငံယော့ခ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ ဓမ္မတာရာသီကုန်ဆုံးချိန် နောက်ကျသူများသည် ဓမ္မတာရာသီကုန်ဆုံးချိန် စောသူများထက် ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေ ပို၍မြင့်မားနေတတ်ကြောင်း သိရသည်။

ကနေဒါ သုတေသနပညာရှင်များသည် အမျိုးသမီး ၁၄၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို အချိန်ယူစောင့်ကြည့် လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ဓမ္မတာရာသီကုန်ဆုံးချိန် နောက်ကျသူများ၏ ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေမှာ ပုံမှန်ထက် သိသိသာသာ ပိုမြင့်မားသည်ကို တွေ့ရကြောင်း သိရသည်။

သို့ရာတွင် ဓမ္မတာရာသီကုန်ဆုံးကာလစောသူ တစ်နည်းအားဖြင့် အသက် ၄၀ နှင့် ၄၄ နှစ်ကြားတွင် ဓမ္မတာရာသီကုန်ဆုံးသူများ၌ ပန်းနာရင်ကျပ်ရောဂါ ဖြစ်နိုင်ခြေမှာ သိသိသာသာ ကျဆင်းနေသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကလေးဘဝ ပန်းနာရင်ကျပ်ရောဂါမှာ မိန်းကလေးများထက် ယောကျ်ားလေးများတွင် အဖြစ်များသော်လည်း လူကြီးဘဝပန်းနာရင်ကျပ်ရောဂါကမူ အမျိုးသားများထက် အမျိုးသမီးများ၌ အဖြစ်များတတ်ကြောင်း သိရသည်

**Ref : Russia Today**

**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## မန်ယူနည်းပြအာမိုရင်က စပို့တင်းမှ လူငယ်ကစားသမားကွမ်ဒါကို ခေါ်ယူမည်ဟုဆို

**မန်ချက်စတာ နိုဝင်ဘာ ၂**

မန်ယူအသင်း နည်းပြသစ် အာမိုရင်က အသင်းတောင်ပံ တိုက်စစ်ပိုင်း ထပ်မံဖြည့်တင်းရန်အတွက် စပို့တင်းအသင်းမှ လူငယ်ကစားသမား ကွမ်ဒါကို ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

နည်းပြသစ် အာမိုရင်သည် မန်ယူအသင်းကို လာမည့် နိုဝင်ဘာ ၁၁ ရက်တွင် စတင်တာဝန်ယူမည်ဖြစ်ပြီး ၎င်းအနေဖြင့် တောင်ပံကစားသမား အန်တိုနီ၏နေရာတွင် အစားထိုးနိုင်ရန်အတွက် အနာဂတ် အလားအလာကောင်းများရှိသည့် လူငယ်တောင်ပံကစားသမား ကွမ်ဒါကိုခေါ်ယူရန် ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်။

အသက် ၃၉ နှစ်ရှိ နည်းပြ အာမိုရင်သည် ဥရောပတွင် အောင်မြင်မှုများ ရရှိထားသည့် အသက်အငယ်ဆုံး နည်းပြဖြစ်ပြီး စပို့တင်းအသင်းကို ဆုဖလား နှစ်လုံး ရယူပေးခဲ့ပြီးနောက် မန်ယူအသင်းသို့ပြောင်းရွှေ့ခဲ့ရာ အသင်းတွင် အောင်မြင်မှုများ ဆက်လက်ရယူနိုင်ရန်အတွက် စပို့တင်းအသင်းမှ အသက် ၁၇ နှစ်ရှိ ခြေစွမ်းပြ လူငယ်ကစားသမား ကွမ်ဒါကို ခေါ်ယူသွားမည်ဖြစ်ပြီး ဟိုက်လန်း၊ ဖာနန်ဒက်စ်၊ ဂါနာချို တို့နှင့် တွဲဖက်ကစားခွင့်ပေးမည် ဖြစ်ကြောင်း သိရသည်။

ကွမ်ဒါသည် ပြီးခဲ့သည့် ဩဂုတ် ၃ ရက်က စပို့တင်းအသင်းတွင် ပွဲထွက်ခွင့်ရရှိခဲ့သူဖြစ်ကာ ၎င်း၏ ခြေစွမ်းပြသနိုင်မှုကြောင့် အမှတ်ပေးပြိုင်ပွဲ ၁၀ ပွဲစလုံး ပါဝင်ခွင့်ရပြီး သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပါဝင်ခွင့်ရသည့် ပွဲစဉ်တိုင်းတွင် ပုံမှန်ခြေစွမ်း ပြသနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- အေစီမီလန်အသင်းက နည်းပြဖွန်စီကာနှင့် ဆက်ဆံရေး အဆင်မပြေဖြစ်လာသည့် တောင်ပံကစားသမား လီအို၏ အနာဂတ်နှင့်ပတ်သက်၍ ဆုံးဖြတ်ပေးမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။
- မန်စီးတီးကို အနိုင်ရခဲ့သည့် ဖလားပြိုင်ပွဲတွင် ကြွက်သား ဒဏ်ရာရခဲ့သည့် ဗန်ဒီဗန်သည် နိုင်ငံတကာပြိုင်ပွဲကာလ ပြီးဆုံးချိန်မှသာ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်ကြောင်း စပါးနည်းပြ ပိုစတီကိုဂလူက ပြောကြားခဲ့သည်။
- ဘရိုက်တန်ကို နောက်ကျဂိုးများဖြင့် အနိုင်ရခဲ့သည့် လီဗာပူး အသင်း အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်နည်းပြ အန်ဆယ်လော့တီက ဇန်နဝါရီ အပြောင်းအရွှေ့တွင် ဗဟိုခံစစ်ကစားသမားနေရာအတွက် ဂျိုနသန်တက်၊ လာပေါ်တီ၊ လူကီဘာတို့ကိုခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ML

## အိုင်ယာလန်စူပါဘင်တမ်ဝိတ်တန်း ချန်ပီယံခါးပတ်ကို ဖာရယ်လ်ဆွတ်ခူး



**ဘဲလ်ဖက် နိုဝင်ဘာ ၂**

အိုင်ယာလန် စူပါဘင်တန် ဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲစဉ် အဖြစ် မြောက်အိုင်ယာလန် လက်ဝှေ့သမားများ ဖြစ်ကြသည့် ဖာရယ်လ်နှင့် ကွန်နာခါတို့ နိုဝင်ဘာ ၁ ရက်တွင် မြောက်အိုင်ယာလန်နိုင်ငံ ဘဲလ်ဖက်မြို့တွင် ထိုးသတ်ခဲ့ရာ ဖာရယ်လ်က ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမှတ်ပေးဒိုင်သုံးဦးရှိသည့် အနက် အမှတ်(၁) ဒိုင်က (၉၈-၉၂) မှတ်ဖြင့်လည်းကောင်း၊ အမှတ်(၂) ဒိုင်က (၉၇-၉၃)ရမှတ်ဖြင့်လည်းကောင်း၊ အမှတ်(၃)ဒိုင်က (၁၀၀-၉၁) မှတ်ဖြင့်လည်းကောင်း ဖာရယ်လ်အား အနိုင်ပေးခဲ့ကြသည်။

ကွန်နာခါအနေဖြင့် ချန်ပီယံခါးပတ်အား ဆွတ်ခူးနိုင်ရေးအတွက် အကောင်းဆုံးကြိုးစားခဲ့သော်လည်း ဖာရယ်လ်က တစ်ဖက်သတ် အသာစီးဖြင့် ထိုးသတ်ခဲ့သည်။

ရလဒ်များ ပြတ်သားခဲ့ပြီး ခံစစ်ဖြင့်သာ တုံ့ပြန်ခဲ့ရသည့် ကွန်နာခါအတွက် စိတ်ပျက်ဖွယ်ရာရလဒ်တစ်ခုဖြစ်ခဲ့သည်။

ဖာရယ်လ်က “မယုံကြည်နိုင်လောက်အောင် ဝမ်းသာဂုဏ်ယူမိပါတယ်။ အရိုးသားဆုံးပြောရရင် ကျွန်တော့်ဘဝမှာ တစ်ခါမှ မဖြစ်ဖူးသေးတဲ့ စိတ်ခံစားမှုမျိုး ဖြစ်မိပါတယ်။ အပျော်တမ်းလက်ဝှေ့သမား ဘဝကတည်းက အိုင်ယာလန် လက်ဝှေ့ချန်ပီယံ ဖြစ်ခွင့်ရချင်ခဲ့တယ်။ ဒါပေမဲ့လဲ ကာလတစ်ခုလောက်အထိကြာမှ ကျွန်တော့်ဆန္ဒ ပြည့်ဝခဲ့တယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

## AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား

**မန္တလေး နိုဝင်ဘာ ၂**

မန္တလေးတိုင်း ဒေသကြီး သဲသောင်ပြင်နှင့် ဖူဆယ်ဆပ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များ ဖြစ်သည့် ပွဲစဉ်(၉) ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး မန္တလာသီရိ အားကစားကွင်းရှိ ဘက်စုံသုံး အားကစားရုံ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များအဖြစ် ယနေ့နံနက် ၈နာရီက MNN အသင်းနှင့် Mogyo အသင်းတို့ကစားခဲ့ရာ MNN အသင်းက ငါးဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်တွင် Black Wolves အသင်းနှင့် KH အသင်းတို့ကစားခဲ့ရာ Black Wolves အသင်းက လေးဂိုး သုံးဂိုး ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲတွင် MNN အသင်းက ရမှတ်သုံးမှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၉) နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး Black Wolves အသင်းက ရမှတ် ၁၂ မှတ်ဖြင့် အဆင့်(၆)နေရာတွင် ယာယီ ရပ်တည်နိုင်ခဲ့ပြီး နိုဝင်ဘာ ၃ ရက် နံနက် ၈ နာရီတွင် Pyae Sone အသင်းနှင့် Arr Man အသင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်တွင် 135 Family အသင်းနှင့် TG United အသင်း၊ နံနက် ၁၁ နာရီတွင် BTB အသင်းနှင့် AKS အသင်းတို့ ဆက်လက် ကစားသွားမည် ဖြစ်သည်။

AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များအပြီးတွင် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကစားနေမှုများနှင့် ဆုပေးပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး သဲသောင်ပြင်နှင့် ဖူဆယ်ဆပ်ကော်မတီ Facebook Page တွင် တိုက်ရိုက် (Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

STA

## ဂျီနိုအာအသင်းနှင့်ပွဲစဉ်တွင် ပေးဂိုးမရှိခဲ့သည့် ဂိုးသမားဒီဂီယာ စီးရီးအေအကောင်းဆုံး ဂိုးသမားစာရင်းတွင်ပါဝင်လာ

**ရောမ နိုဝင်ဘာ ၂**

စီးရီးအေ အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ကစားခဲ့သည့် ဂျီနိုအာအသင်းနှင့် ဖီအိုရင်တီးနားအသင်းတို့ပွဲစဉ်တွင် ဂိုးသမား ဒီဂီယာက အသင်းဂိုးပေါက်ကို အကောင်းဆုံး ကာကွယ်နိုင်ခဲ့ပြီးနောက် စီးရီးအေတွင် အကောင်းဆုံးဂိုးသမားစာရင်း ဝင်ခဲ့ကြောင်း သိရသည်။

ဂိုးသမားဒီဂီယာသည် မန်ယူအသင်းတွင် ဘောလုံးရာသီ ၁၂ ရာသီကစားခဲ့ပြီးနောက် စာချုပ်ကုန်ဆုံးချိန်တွင် အသင်းနှင့် လမ်းခွဲခဲ့သူဖြစ်ပြီး ဘောလုံးရာသီ တစ်ရာသီ အသင်းလက်မဲ့ဖြစ်ခဲ့သော်လည်း ယခုနှစ်တွင် ဖီအိုရင်တီးနားအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ရာ အမှတ်ပေးပြိုင်ပွဲ ၁၀ ပွဲတွင် အသင်းအား သုံးပွဲထိ ပေးဂိုး မရှိအောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့် စီးရီးအေအကောင်းဆုံး ဂိုးသမားစာရင်းတွင် ပါဝင်ခဲ့သည်။

အသက် ၃၃ နှစ်ရှိ ဂိုးသမားသည် မန်ယူအသင်းတွင် ကစားခဲ့စဉ်ကလည်း အကောင်းဆုံးဂိုးသမားဆုကို ရယူနိုင်ခဲ့သူဖြစ်ပြီး ယခုနှစ်တွင် ဖီအိုရင်တီးနားအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့ကာ လက်စွမ်းပြကစားနိုင်ခဲ့သောကြောင့် အသင်းအား အမှတ်ပေးပြိုင်ပွဲ ၁၀ ပွဲကစားပြီးချိန်တွင် အမှတ်ပေးဇယား အဆင့်(၄) နေရာသို့ရောက်ရှိအောင် စွမ်းဆောင်ပေးခဲ့ပြီး နာပိုလီအသင်း၊ ဂျူဗင်တပ်အသင်းတို့နောက်တွင် ပေးဂိုး အနည်းဆုံးဖြစ်ခဲ့ကြောင်းသိရသည်။



လက်ရှိတွင် ဒီဂီယာသည် စီးရီးအေတွင် ဂိုးပေါက်ကာကွယ်နိုင်မှု အများဆုံးဂိုးသမားအဖြစ် ရပ်တည်နေပြီး ဂိုးမပေးရသည့် ဂိုးသမားစာရင်းတွင် အဆင့်(၆) နေရာ၌ ရပ်တည်နေကြောင်း သိရသည်။

**Ref : Daily Mail**
**Trs : ML**

# Myanmar Football Academies Tournament 2024 ပြိုင်ပွဲစတင်ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အကယ်ဒမီအသင်းများ၊ ISPE အသင်းများ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် Myanmar Football Academies Tourna-ment 2024 ပြိုင်ပွဲကို ယနေ့မှ စတင်ပြီး ရန်ကုန်မြို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

Myanmar Football Acade-mies Tournament 2024 ပြိုင်ပွဲကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အကယ်ဒမီအသင်းများ၊ အားကစားနှင့် ကာယပညာသိပ္ပံမှ အသင်းများဖြင့်ယနေ့မှစတင်ပြီး နိုဝင်ဘာ ၆ ရက်ထိ ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်သည်။

Myanmar Football Acad-emies Tournament 2024 ပြိုင်ပွဲ ယနေ့ပွဲစဉ်များအဖြစ် ယနေ့နံနက် ၇ နာရီခွဲက လေ့ကျင့်ရေးကွင်း(၂)တွင် ရန်ကုန်အကယ်ဒမီ(B) အသင်းနှင့် မန္တလေးအကယ်ဒမီ (C )အသင်းတို့ ကစားခဲ့ရာ ရန်ကုန်အကယ်ဒမီ (B)အသင်းက တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ လေ့ကျင့်ရေးကွင်း(၁)တွင် ISPE (မော်လမြိုင်)အသင်းနှင့် ISPE (မုံရွာ)အသင်းတို့ ကစားခဲ့ရာ ISPE(မော်လမြိုင်) အသင်းက လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

အလားတူ ညနေ ၃ နာရီခွဲက လေ့ကျင့်ရေးကွင်းအမှတ်(၁)တွင် ရန်ကုန်အကယ်ဒမီ (A)အသင်းနှင့် မန္တလေးအကယ်ဒမီ (B)အသင်းတို့ ကစားခဲ့ရာ ရန်ကုန်အကယ်ဒမီ (A)အသင်းက တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ လေ့ကျင့်ရေးကွင်း အမှတ်(၂)တွင် ISPE(မန္တလေး) အသင်းနှင့် ISPE(ရန်ကုန်)အသင်းတို့ကစားခဲ့ရာ ISPE(မန္တလေး) အသင်းက ငါးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

STA

# Toto Japan Classic ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဝါကီမိုတို ဦးဆောင်

**အော့ဆူ နိုဝင်ဘာ ၂**

ဂျပန်နိုင်ငံ အော့ဆူမြို့တွင် ကျင်းပနေသည့် Toto Japan Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ဂျပန်ဂေါက်သီးရိုက်မယ် ဝါကီမိုတိုက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ထိုင်းဂေါက်သီးရိုက်မယ် ဂျူတာနူဂန်နှင့် အမေရိကန်ဂေါက်သီးရိုက်မယ် ယယ်လီမီတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိနေပြီး ဂျပန်ဂေါက်သီးရိုက်မယ် တာကီဒါက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ဝါကီမိုတိုသည် ဒုတိယနေ့တွင် ရလဒ်ပိုင်းအနည်းငယ်ကျဆင်းခဲ့ရသော်လည်း ပထမနေ့က ရလဒ်အကောင်းဆုံးရရှိထားသည့်အတွက် အမှတ်ပေးဇယားထိပ်တွင် ဆက်လက်ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ပြီး ယယ်လီမီနှင့် တာကီဒါတို့က ဒုတိယနေ့တွင် ရလဒ်အကောင်းဆုံး ရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်များ ဖြစ်ခဲ့ကြကြောင်း သိရသည်။

ဝါကီမိုတိုက "ပထမနေ့လောက် ရလဒ်မကောင်းခဲ့ပေမဲ့လဲ ရလဒ်အရမ်းကြီး ဆိုးသွားတာမျိုးတော့မဟုတ်ပါဘူး။ ဒုတိယနေ့အပြီး အမှတ်ပေးဇယားထိပ်မှာ ဆက်လက် ရပ်တည်ခွင့်ရလို့ ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL



# တိုက်စစ်မှူး ဝယ်လ်ဆင်ကိုခေါ်ယူမည့် အသင်းလေးသင်းရှိကြောင်း နယူးကာဆယ်အသင်း ထုတ်ပြန်

**လန်ဒန် နိုဝင်ဘာ ၂**

နယူးကာဆယ်အသင်း တိုက်စစ်ပိုင်းတွင် ဒဏ်ရာကြောင့် အနားယူနေရသည့် ဝယ်လ်ဆင်ကို ခေါ်ယူမည့် ကလပ်အသင်း လေးသင်းထိရှိနေကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။

နယူးကာဆယ်အသင်း အနေဖြင့် ဝယ်လ်ဆင်ကို ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလကတည်းက ရောင်းချရန်ပြင်ဆင်ခဲ့သော်လည်း ၎င်းတို့တောင်းဆိုသည့် ပြောင်းရွှေ့ကြေးမရသဖြင့် အသင်းတွင် ဆက်လက်ကစားခွင့်ပြုခဲ့ပြီးနောက် ယခုအခါ ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ထပ်မံရောင်းချရန်စီစဉ်နေကာ ၎င်းကို ပရီးမီးယားလိဂ် ကလပ်အသင်းများဖြစ်သည့် ဖူလ်ဟမ်အသင်း၊ ဘရန့်ဖို့ဒ်အသင်း၊ ဆောက်သမ်တန်အသင်းနှင့် ပဲလေ့စ်အသင်းတို့က အပြိုင်ကမ်းလှမ်းမှု ပြုလုပ်လျက်ရှိသည်။

နယူးကာဆယ် အသင်းသည် တိုက်စစ်မှူး ဝယ်လ်ဆင်ကို အစ်ဆက်ခ်၏နောက်တွင် ဒုတိယဦးစားပေး ကစားသမားအဖြစ် အသုံးပြုလျက်ရှိပြီး ယခုအခါ ကစားသမားအနေဖြင့် အသက်အရွယ်ရလာကာ ဒဏ်ရာမကြာခဏ ရရှိနေသောကြောင့်အသင်းဘဏ္ဍာငွေ တိုးတက်ရေးအတွက် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၂ နှစ်ရှိ တိုက်စစ်မှူး ဝယ်လ်ဆင်သည် ပြီးခဲ့သည့် ဘောလုံးရာသီက နည်းပြဟိုဝီ၏ တိုက်စစ်ပိုင်း လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခဲ့သော်လည်း ယခုရာသီတွင် ရာသီကြိုခြေစမ်းပွဲစဉ်ကရရှိခဲ့သည့် ဒဏ်ရာကြောင့် အသင်းနှင့် ပူးပေါင်းနိုင်ခြင်းမရှိဘဲ အနားယူနေရသောကြောင့် လာမည့်နွေရာသီ စာချုပ်သက်တမ်းမကုန်ဆုံးမီ အမြန်ဆုံးရောင်းချရန် ကြိုးပမ်းနေကြောင်းသိရသည်။

Ref : The Sun

Trs : ML

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)တွင် နယူးကာဆယ်အသင်းကို အဝေးကွင်းတွင် အာဆင်နယ်အသင်း ရှုံးနိမ့်ခဲ့ပြီး ဒုတိယမြောက်ရှုံးပွဲကြုံတွေ့ခဲ့ရ

**လန်ဒန် နိုဝင်ဘာ ၂**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် နယူးကာဆယ်အသင်းနှင့် အာဆင်နယ်အသင်းတို့ကစားခဲ့ရာ အာဆင်နယ်အသင်းက အဝေးကွင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ယခုနှစ်ဘောလုံးရာသီတွင် ဒုတိယမြောက်ရှုံးပွဲ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။




အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အဓိကကစားသမား အစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ပြီး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ အာဆင်နယ်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့်ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၁၂ မိနစ်တွင် နောက်ပိုင်းပွဲစဉ်များ၌ အကောင်းဆုံးခြေစွမ်း ပြသလျက်ရှိနေသည့် အစ်ဆက်ခ်က ဂေါ်ဒွန်၏ ဖန်တီးပေးမှုမှတစ်ဆင့် နယူးကာဆယ်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပွဲချိန်ပထမပိုင်းအပြီးတွင် နယူးကာဆယ်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် အာဆင်နယ်အသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ဘောလုံးပိုင်ဆိုင်မှုအသာစီးရယူပြီး ဖိအားပေးခဲ့သော်လည်း ဂူမာရေးစ်နှင့် တိုနယ်လီတို့၏ နယူးကာဆယ်အသင်း ကွင်းလယ်ပိုင်းကို ကျော်ဖြတ်ရန်ခက်ခဲခဲ့ပြီး ဒုတိယပိုင်းတွင် အာဆင်နယ်အသင်းထက် နယူးကာဆယ်အသင်းကပင် ဂိုးပေါက်ကန်သွင်းချက်ပိုမိုများပြားခဲ့ပြီး ဒုတိယပိုင်းတစ်ပိုင်းလုံးတွင် အာဆင်နယ်အသင်းအနေဖြင့် ဂိုးပေါက်ကန်သွင်းချက် တစ်ကြိမ်မျှ မပြုလုပ်နိုင်ခဲ့သည်ထိ ဆိုးရွားခဲ့ကာ လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် နယူးကာဆယ်အသင်းက အိမ်ကွင်းတွင် အစ်ဆက်ခ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# Paris Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ဇီရက်ဗ် တက်ရောက်

**ပဲရစ် နိုဝင်ဘာ ၂**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် Paris Masters တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဂျာမနီတင်းနစ်ကစားသမား ဇီရက်ဗ်နှင့် ဂရိတင်းနစ်ကစားသမား စတီဖာနို့စ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဇီရက်ဗ်က (၇-၅၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက်ပိုင်း ဗိုလ်စွဲရန် ထိပ်ဆုံးမှရေပန်းစားနေသည့် ပြိုင်ပွဲဝင်နှစ်ဦး ထိပ်တိုက်တွေ့ဆုံခဲ့သောပွဲစဉ်ဖြစ်ပြီး ကမ္ဘာ့အဆင့် ကစားသမားနှစ်ဦး၏ ထိပ်တိုက်တွေ့ဆုံမှုလည်း ဖြစ်သည့်အတွက် အကြိတ်အနယ်ရှိခဲ့သည်။

အထူးသဖြင့် ပထမပွဲငယ်တွင် အကြိတ်အနယ် ကစားခဲ့ကြရပြီး tie-break အဆင့်အထိ ကစားခဲ့ရသည်။

စတီဖာနို့စ်အနေဖြင့် ရှုံးနိမ့်ခဲ့ရသော်လည်း မြင့်မားသောစွမ်းဆောင်ရည်မျိုးဖြင့် ကစားနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဇီရက်ဗ်က ပွဲအပြီးတွင် ချီးကျူးခဲ့သည်။

ဇီရက်ဗ်က "ပထမပွဲငယ်မှာ စတီဖာနို့စ် ကစားသွားတာ တော်တော်လေး ကောင်းပါတယ်။ သူ့ဆီက ကမ္ဘာ့အဆင့်လယ်ဗယ်မျိုးနဲ့ကစားနိုင်တာကို တွေ့ရတယ်။ ကျွန်တော့်အနေနဲ့ကလဲ စတီဖာနို့စ်ကို အနိုင်ကစားနိုင်ရေးအတွက် အကောင်းဆုံးအာရုံစိုက်နိုင်ခဲ့ပြီး ရစ်သမ်မိမိကစားနိုင်ခဲ့တယ်။ ပြိုင်ဘက်ကစားသမားက အရမ်းကောင်းခဲ့တယ်ဆိုပေမဲ့ ကျွန်တော့်အနေနဲ့ သက်သောင့်သက်သာနဲ့ ကစားနိုင်ခဲ့လို့ အနိုင်ရခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဇီရက်ဗ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် ဒိန်းမတ်တင်းနစ်ကစားသမား ဟိုလ်ဂါရူနီနှင့် ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# အေဝမ်းဆရာညွှာပြီးတော့ မန္တလေးက တေးရေးဆရာ ဆရာထာ

**မောင်သင်းထုံ(ကျောက်မဲ)**



တေးရေးဆရာ ဆရာထာ

မန္တလေးမှာ အငြိမ့်သဘင်တွေ လျှမ်းလျှမ်း တောက်ကျော်ကြားခဲ့တုန်းက သီချင်းရေးဆရာတွေ ထဲမှာ နန်းတော်ရှေ့ဆရာတင်ဆိုတာ ထင်ရှားခဲ့သလို မျိုး နန်းတော်ရှေ့ဆရာတင်နဲ့ နာမည်ဆင်တူယိုးမှား နန်းတော်တောင်ဆရာဆင်ဆိုတာလဲရှိခဲ့၊ ကျော်ကြား ခဲ့ဖူးတယ်။ အေဝမ်းဓာတ်ပြားခေတ်မှာတော့ အေဝမ်း ကနေ နာမည်ပေးထားတဲ့သီချင်းရေးဆရာ တစ် ယောက်ကတော့ အေဝမ်းဆရာညွှာတဲ့။ ဆရာညွှာနဲ့ နာမည်ဆင်တူယိုးမှား ဆရာထာဆိုတာကလဲ သဘင် ပညာမှာ သဘာရင့်ပြီး အများသူငါရဲ့ လေးစားတာ ကို ခံယူရတဲ့ဆရာပါပဲ။

ဆရာထာကမှ မျိုးရိုးက တကယ့်သဘင်မျိုးရိုး အစစ်ပါ။ သူ့အဖေက မြန်မာမင်းလက်ထက် ရုပ်သေးစင်တော်က မဒီကိုင်။ ဆရာထာရဲ့ အစ်မ ဝမ်းကွဲတစ်ယောက်က အငြိမ့်မင်းသမီး မစိန်သုံး။ ဆရာထာကိုယ်တိုင်က ဇာတ်မင်းသားဆောင်တော် ကူး မောင်စိန်။ သူ့သားသမီးတွေက မင်းသမီးတွေ၊ အတီးသမားတွေ နာမည်ကျော်တွေပါ။

သီချင်းရေးဆရာ ဆရာညွှာက လေမှုတ်ကိရိယာ တွေမှာ ကျွမ်းသတဲ့။ တီးတာခတ်တာတွေကျ မတတ် ဘူး။ ဆရာထာကတော့ လေမှုတ်ကိရိယာဆို ဘာမှ မရဘူး။ လေတောင်မှ ဖြောင့်အောင်မချွန်တတ်ဘူး တဲ့။ ဒါပေမဲ့ သူက လက်တီးကျတော့ ဘာလာလာ လာခဲ့။ အားလုံးရတဲ့သူ။

ဆရာထာဆိုတာ အဲဒါကြောင့်မို့ အငြိမ့်တွေမှာ နှစ်ပေါင်းများစွာ ဝိုင်းခေါင်းဆောင် ပတ္တလားဆရာ လုပ်ခဲ့တာပေါ့။ အိမ်မှာ အငြိမ့်ထောင်တော့ သမီးက အငြိမ့်မင်းသမီး၊ အဖေက ပတ္တလားဆရာပါ။ သီချင်း တွေလဲ ရေးပါတယ်။

လေဘာတီမမြရင်ရယ်လို့ မထင်ပေါ်ခင်ကတည်း က ဆရာထာဟာ မမြရင်အတွက် သီချင်းတွေရေး ပေးခဲ့သူပါ။ အဲဒီတုန်းက မမြရင်ရဲ့ ရှေ့ထွက်မင်းသမီး က လှကလေးစိန်ပါ။ သူတို့တစ်တွေကကြတော့ ဆရာထာပဲ ပတ္တလားတီးပေးခဲ့တာပါ။ 'သာစည်က မမြရင်'ဆိုပြီး အတော်စောစောက မမြရင်ဆိုခဲ့တဲ့ သီချင်းဟာ အဲဒါ ဆရာထာ့လက်ရာပေါ့။ "လေဘာတီ ပွဲရှိမှ အမြဲကြည့်လာသော်၊ သာစည်က မမြရင် ညည စဉ်ခေါ် လေးငါးရှစ်ဆမင်းပဲလှသော်၊ ကဦးနော်"တဲ့ သီချင်းထဲက စာသားက...။

ဆရာထာရေးပေးတဲ့ မမြရင်အတွက် သီချင်း တွေထဲကဆိုရင် 'အလှူ့အမ'သီချင်းက လူသိပိုများ ပါတယ်။ အချို့သီချင်းတွေမှာ 'ခြေဆင်း'မပါပါဘူး။ အလှူ့အမသီချင်းမှာကျတော့ ဆရာထာက ခြေဆင်းထည့်ပေးထားပါတယ်။ "ဒါနသတ္တော မြတ်သောဘဝတွင် အစထိုသဘင် မြပျိုပါတီရင်xxx ဟိုတုန်းကထက်လှတယ်ထင်၊ တိုင်ပေါ်အလံစိုက်ချင်၊ မယ်ရင်စီးပွားစုလို့ ကုသိုလ်ကံပဲရှင် နှစ်ကိုယ်တူ လှူရအောင်ပ မောင်ကပင် ဘယ်နှယ့်ရှောင်ကြဉ်၊ နေကုန်နေဝင် ကြင်စဦးရဲ့ ကျေးဇူးတော်၊ မျှော်ကာ ချစ်ခင်..."တဲ့။

ဆရာထာရဲ့သီချင်းတွေက ဆိုရတဲ့လူအဖို့ ပါးစပ် ထဲ အဆင်ပြေပြီး သူဆိုချင်တဲ့ အဓိပ္ပာယ်ကွင်းကွင်း ကွက်ကွက်ပေါ်လာတာမို့ အရသာရှိလိုက်တာ။ ဆရာထာရေးတဲ့ 'အလှူ့အမ'သီချင်း မင်းသမီးတစ် လက်ဆိုတာ နာမည်ကြီးသွားတယ်။ လူတွေက အဲဒီ မင်းသမီးသီချင်းလိုက်ဆိုကြတော့ ကြော်ငြာသလိုဖြစ် သွားတာပေါ့။ ဒီတော့ မင်းသမီးရဲ့သီချင်းက မင်းသမီး ထင်ပေါ်ကျော်ကြား လူကြိုက်များလာဖို့ အရေးကြီး ပါတယ်။

ဆရာထာက သီချင်းရေးပေးရင် မင်းသမီးတွေ ဆိုလို့ကောင်း၊ ကလို့ကောင်းအောင် ရေးပေးတာပါ။ စေတနာလဲ ပါပါတယ်။ သူကိုယ်တိုင်က မင်းသားလုပ် ခဲ့ဖူးတော့ သူ့သီချင်းမှာ ကလို့ကောင်းမဲ့အဆစ်တွေ ထည့်လို့ရတာပေါ့။ သီချင်းကောင်းတစ်ပုဒ်ဖြစ်ဖို့က အသံကို အရင်မရှာဘဲ စာကိုအရင်ရှာရတယ်လို့ ဆရာကပြောပါတယ်။ အဲဒါကတော့ သီချင်းရေးရာမှာ ဆရာထာကိုင်စွဲထားတဲ့ မူဝါဒပါပဲ။

ဆရာထာဟာ ၁၈၉၇ ခုနှစ် မေ ၃၁ ရက်မွေးသူ ပါ။ ဆရာထာတို့ခေတ်က ကော်ပီတေးတွေ အခုလို မပေါ်ကြသေးပါဘူး။ ဆရာထာတို့ကတော့ တစ်သက် လုံး ကိုယ်ပိုင်သံစဉ်တွေပဲရေးလာသူပါ။ အဲဒီခေတ်မှာ ကတည်းက အချို့သီချင်းရေးဆရာတွေဟာ ကော်ပီ သီချင်းတွေနဲ့ သဘင်နယ်မှာ လူတွင်ကျယ်လုပ်ချင် ကြတာရှိပါတယ်။ ဆရာထာကတော့ လုံးဝလက်မခံ ပါဘူး။ အသံထဲကို သီချင်းတွေ ဖွတ်မထည့်ချင်စမ်းပါ နဲ့လို့လဲ မကြာခဏပြောတတ်သူပါ။

ဇာတ်မင်းသားဖိုးစိန်ရဲ့ အာသာဝတီသီချင်း အများလိုက်ဆိုတဲ့အပိုဒ်ရှိပါတယ်။ ဘာတဲ့ "အားသား ဝတီ အားသားဝတီ စိန်းစရာကြီးကံ ပညာသင်ရန် ကျွန်မတိုးလာခဲ့သည်"ဆိုတဲ့သီချင်းမှာ တကယ်က အာသာဝတီဆိုတဲ့ စာသားနေရာမှာ 'အားသားဝတီ အားသားဝတီ'လို့ လူတွေက လက်တွေ့မှာဆိုနေကြ တော့ သီချင်းပျက်ကရောဆိုတာ နမူနာပြခဲ့ပါတယ်။

ဆရာထာက မင်းသား၊ မင်းသမီးတွေဆိုဖို့ သီချင်းရေးပေးတဲ့အခါ 'ဦး'ကာရန်နဲ့ အချရေးမပေး ဘူး။ ငိုချင်းသီချင်းတစ်ပိုဒ်မှာ 'ခွဲရချေဦးတော့မယ် နှစ်ဦး'ဆိုတာကို 'ခွဲချိဦတောနှစ်ဦး ဟူး ဟူး ဟူး'ဆို တော့ နှုတ်ခမ်းကြီးကို ထော်ဆိုနေရရော။ အဲဒီအဆို ကြီးက မလှတဲ့အခါ ဆရာထာက ဦးဟူးဟူးနေရာ အားဟားဟားလုပ်လိုက်ရတယ်။

ပြီးတော့ ဆရာထာရဲ့အယူအဆက သဘင်သည် ဆိုတာ မုက္ခသိုက်ဝင်တဲ့လူမျိုးတွေ နိမိတ်ရှိတာပဲ ပြောရဆိုရတယ်။ 'အမြင်နိမိတ်၊ အတိတ်လက်ဆောင်၊ အသံတဘောင်'တဲ့ စာဆိုတောင်မှရှိသေးရဲ့။ သီချင်း တစ်ပုဒ်ရှိပါသေးတယ်။ 'ညှော့သည်လာလို့ ပေးစရာ မရှိတယ်၊ ညှော့သည်လာလို့ ကျွေးစရာမရှိတယ်'တဲ့ နိမိတ်မကောင်းတဲ့သီချင်း။ တို့နိုင်ငံမှာ ဒါမျိုးတွေ သီချင်းမလုပ်ကောင်းပါဘူး။

ရှိသေးတယ်။ ရွှေမန်းတင်မောင်ကတဲ့ 'လေးတော်တင်ခန်း'မှာ ယသော်ရောကို ကာဠုဒါယီ အမတ်က သွားတောင်းတော့ မိန်းကလေးရှင်က သဘောမတူဘူး။ ဒီတော့ သူတို့သမီးနဲ့ တူသလား၊ တန်သလားလို့ ပြောလိုက်သတဲ့။ အဲဒီမှာ ကာဠုဒါယီ လုပ်တဲ့သူက 'အမျိုက်ပုံရှိတော့ ခွေးချေးယိုမှာပေါ့'လို့ ပြောလိုက်တဲ့စကားကို ဆရာထာပြောတာက ယသော်ရောလဲ အမှိုက်ဖြစ်၊ ဟိုဘုရားလောင်းဆိုတာ လဲ ခွေးဖြစ်ရော ကောင်းကြသေးရဲ့လား။ ဒီအသုံးမျိုး မသုံးသင့်ပါဘူးလို့ ဆရာထာက ထောက်ပြဝေဖန် ပေးပါတယ်။

ဆရာထာက မင်းသား၊ မင်းသမီးကို သီချင်းရေး ပေးတော့မယ်ဆိုရင် သူ့သီချင်းကို သီဆိုမဲ့လူရဲ့ပါးစပ် ကို သေသေချာချာကြည့်တာပါ။ နှုတ်ခမ်းပါးနဲ့စကား သွက်မဲ့လူလား၊ နှုတ်ခမ်းထူသလား၊ လျှာလေး သလား အားလုံးချင့်ချိန်ပြီးမှ လိုက်ဖက်မဲ့စာသားကို ရေးပေးတာတဲ့။

ရွှေမန်းတင်မောင်ဆိုဖို့ ဆရာထာရေးပေးတဲ့ 'အောင်ပါစေ'ဆိုတဲ့သီချင်းဟာ စကားသိပ်စိပ်ပါ တယ်။ ရွှေမန်းတင်မောင်နဲ့ကတော့ ကိုက်ပါတယ်။ အဲဒီသီချင်းကို စိန်အောင်မင်းက ကြိုက်လို့တဲ့ သူ့ကို လဲ ဒီအလိုက်မျိုး သီချင်းရေးပေးပါဆိုလာတော့ ဆရာထာက သီချင်းကို အောင်ပါစေလို စကားမစိပ် စေဘဲ 'စံပယ်ဆီရေနံ့ဦး မုန်းနိုင်ဘူးခင်ရေ၊ ချစ်ပြုံးပြုံး နေရရင်း စိတ်ကကျေနပ်ပါသလေ၊ ဟောဒီကမ္ဘာပျက် တောင် နောက်တစ်ရက်ဆက်လို့ ချစ်မယ်လေ'လို့ ရေးပေးပါတယ်။

စိန်အောင်မင်းဆိုတဲ့ ဇာတ်မင်းသားနာမည်ကို ဆရာထာ မှည့်ပေးထားတာပါ။ သဘင်နယ်မှာက သဘင်လောကသားချင်း တစ်ဦးကိုတစ်ဦး လေးစား မှုနည်းကြပါတယ်။ ပရိသတ်ရှိလာတော့ မာနထား လာကြရော။ ဒါပေမဲ့ လူ့ရှင်တော်တွေထဲမှာ 'ကိုအုန်းသီး'ကို အားလုံးက လေးစားကြတယ်။ ရုပ်သေးမှာဆိုရင် ခရိုင်ဦးဘရင်ကို အချင်းချင်း လေးစားကြတယ်။ တေးရေးဆရာ၊ ဇာတ်ထုပ်ရေး ဆရာတွေထဲမှာတော့ အားလုံးက လေးစားကြပါ တယ်။ ဆရာထာကို အဲဒီလိုလေးစားကြတာက ပညာ အနေနဲ့ရော သဘင်သမ္မာနဲ့ပါရှိလို့ အကျင့်စာရိတ္တ ကောင်းလို့ပါ။

ဆရာထာက အရက်သေစာမသောက်စားဘူး။ ကွမ်းသတ္တဝါတစ်သက်လုံးမစားဘူး။ စိပ်ပုတီးကို အကြာကြီးစိပ်တတ်တယ်။ သဘင်အဖွဲ့အစည်းမှာ ဘဏ္ဍာရေးမှူးလုပ်တယ်။ ဆရာထာဟာ စိတ်နေစိတ် ထား အလွန်နူးညံ့ပျော့ပျောင်းတဲ့လူပါ။ ဘယ်သူ့ကိုမှ တင်းတင်းမာမာမပြောပါဘူး။ တစ်ဖက်သားက သူ့ကို လက်မခံနိုင်အောင် ပြောလာရင်တောင်မှ 'ဟင်၊ ဘယ့်နှယ်စကားတုံး'လို့ ပြောတာလွန်ရော ကျုံရောပါပဲ။

> ❖ ဆရာထာရဲ့သီချင်းတွေက ဆိုရတဲ့လူအဖို့ ပါးစပ်ထဲအဆင်ပြေပြီး သူဆိုချင်တဲ့အဓိပ္ပာယ် ကွင်းကွင်းကွက်ကွက်ပေါ်လာတာမို့ အရသာရှိလိုက်တာ။ ဆရာထာရေးတဲ့ 'အလှူ့အမ'သီချင်း မင်းသမီး တစ်လက်ဆိုတာ နာမည်ကြီးသွားတယ်။ လူတွေက အဲဒီမင်းသမီး သီချင်းလိုက်ဆိုကြတော့ ကြော်ငြာသလိုဖြစ်သွားတာပေါ့။ ဒီတော့ မင်းသမီးရဲ့သီချင်းက မင်းသမီးထင်ပေါ်ကျော်ကြား လူကြိုက်များ လာဖို့ အရေးကြီးပါတယ်။ ❖

ဆရာထာတစ်ယောက် ၁၃၄၀ ပြည့်နှစ် ပြာသို လဆုတ် ၁၂ ရက် အသက် ၈၁ နှစ်အရွယ်မှာ အနိစ္စ ရောက်ခဲ့ပါတယ်။

**ကိုးကား**

**- လူထုဒေါ်အမာရဲ့ အောက်မေ့တသ**

## သာပေါင်းမြို့နယ် နံ့နံ့ပင်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှုစစ်ဆေး

**သာပေါင်း နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ် တွင် သာပေါင်းမြို့နယ် လေ့ကြီးတက် ကျေးရွာအုပ်စု နံ့နံ့ပင်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံ ကိန်း(VDP)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်း ပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ ကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန် ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်နှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ နံ့နံ့ပင် ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းရာနှုန်းပြည့်ဆောင် ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ ခိုင်မြဲစေရန် အားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြစေလိုကြောင်း ဆွေးနွေး မှာကြားခဲ့သည်။

နံ့နံ့ပင်ကုန်းကျေးရွာ၌ လမ်းအရှည် ပေ ၁၀၇၀၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ် တွင် VDP စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း ၁၈၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီး ကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေး ရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ တတိယပတ်မှ စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်း များ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ် ကြောင်း၊ အဆိုပါကျေးရွာတွင်းကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး ပြီဖြစ်သည့်အတွက် နံ့နံ့ပင်ကုန်းကျေးရွာရှိ အိမ်ခြေ ၂၁၃ အိမ်၊ လူ ၈၂၅ ဦးတို့အတွက် သွားလာမှုလွယ်ကူလာမည်ဖြစ်ပြီး လူမှု ရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများတွင်လည်း ယခင်က ထက် ပို၍ထိရောက်စွာအကျိုးပြုနိုင်မည် ဖြစ်ကြောင်း သာပေါင်းမြို့နယ် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်ထံမှ သိရသည်။

နွဲ့ယဉ်

# ကျိုက်မရောမြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲနှင့် မြို့လုံးကျွတ် ဆွမ်းအိုးမျှောပွဲကို တန်ဆောင်မုန်းလပြည့်နေ့၌ ကျင်းပမည်



**ကျိုက်မရော နိုဝင်ဘာ ၂**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲနှင့် မြို့လုံးကျွတ် ဆွမ်းအိုးမျှောပွဲကို တန်ဆောင်မုန်းလပြည့်နေ့၌ ကျင်းပမည်ဖြစ်ကြောင်း ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲနှင့် မြို့လုံးကျွတ် ဆွမ်းအိုးမျှောပွဲ ကျင်းပရေးကော်မတီအတွင်းရေးမှူး ဒေါ်မိရွှေစင်သိန်းက ပြောပြ၍ သိရသည်။

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော ရှင်ဥပဂုတ္တမထေရ်မြတ် ပူဇော်ပွဲနှင့် မြို့လုံးကျွတ် ဆွမ်းအိုးမျှောပွဲကို အတ္တရံမြစ်ကမ်းနားတွင် တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းတွင် ကျင်းပလေ့ရှိကြောင်း၊ ကျိုက်မရောမြို့နယ်အတွင်းမှ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ မွန်တိုင်းရင်းသားများသာမက နီးစပ်ရာမြို့နယ်များမှလည်း လာရောက်ဆင်နွှဲကြကြောင်း သိရသည်။

"ဆွမ်းအိုးမျှောတဲ့ ဓလေ့ကတော့ တောင်သမုဒ္ဒရာမှာ ကြေပြာသာဒ်နဲ့ သီတင်းသုံးတော်မူတဲ့ အရှင်ဥပဂုတ္တမထေရ်မြတ်ကိုရည်စူးပြီးတော့ အရုဏ်တက်အချိန်မှာ ဆွမ်းအိုးတွေကို အတ္တရံမြစ်ရေတက်ချိန်မှာ မျှောပြီးတော့ ပူဇော်တာဖြစ်ပါတယ်။ အစဉ်အလာမပျက် နှစ်စဉ်ကျင်းပနေတဲ့ မွန်တိုင်းရင်းသား ရိုးရာပွဲတော်တစ်ရပ်ဖြစ်ပါတယ်။ ဒီနှစ်မှာလဲ ပူဇော်ပွဲကို ကျင်းပမှာဖြစ်ပါတယ်။ ဆွမ်းအိုးမျှောပွဲပြုလုပ်တဲ့နေ့မှာပဲ ကျိုက်မရောမြို့ရဲ့ ကျက်သရေဆောင် ဆုတောင်းပြည့်ဘုရားမှာလဲ မသိုးသင်္ကန်း ရက်လှူပူဇော်ပွဲရှိပါမယ်"ဟု ဒေါ်မိရွှေစင်သိန်းက ပြောပြသည်။

ထိုသို့ ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲနှင့်မြို့လုံးကျွတ် ဆွမ်းအိုးမျှောပွဲကျင်းပရာတွင် ရှေးဦးစွာ အတ္တရံမြစ်အတွင်းရှိ မဏ္ဍပ်တွင် ပူဇော်ထားသော ရှင်ဥပဂုတ္တမထေရ်ကို ဆွမ်း၊ ခဲဖွယ်၊ ချိုချဉ် အရသာမျိုးစုံပါဝင်သော ဆွမ်းအိုးများဖြင့် ပူဇော်ကြပြီး အဆိုပါဆွမ်းအိုးများကို တောင်သမုဒ္ဒရာတွင် ကြေပြာသာဒ်ဖြင့်သီတင်းသုံးတော်မူသော ရှင်ဥပဂုတ္တမထေရ်မြတ်ကို ကပ်လှူပူဇော်ရန် ဆွမ်းအိုးများကို မြစ်အတွင်းသို့ စုပေါင်းမျှောခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ASH

# သူစိမ်းလူ ရုပ်သံဇာတ်လမ်းကို နိုဝင်ဘာ ၉ ရက်တွင် Fortune TV ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်

**ရန်ကုန် နိုဝင်ဘာ ၂**

သူစိမ်းလူ ရုပ်သံဇာတ်လမ်းကို နိုဝင်ဘာ ၉ ရက်တွင် Fortune TV ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သရုပ်ဆောင် ထက်အောင်ရှိုင်းက ပြောပြ၍ သိရသည်။

သူစိမ်းလူ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဖြိုးသင်ဇာကျော်က ရေးသားထားပြီး လက်ထောက်ဒါရိုက်တာအဖြစ် ဝင်းမြင့်ဦးက ဆောင်ရွက်ကာ ဒါရိုက်တာ သားညီက ဆိုင်လီရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းကတော့ သစ္စာတရားနဲ့ ပတ်သက်တဲ့ မက်ဆေ့ကို ပေးချင်တာပါပဲ။ သစ္စာပျက်သွားတဲ့အခါ ကျောချင်းကပ်၊ ရင်ချင်းအပ်ထားကြတဲ့ အရင်းအနှီးဆုံးလူတွေလဲ သူစိမ်းတစ်ယောက်လိုဖြစ်သွားတတ်ပါတယ်ဆိုတာ ဒီဇာတ်လမ်းမှာမြင်ရမှာပါ။ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းဖြစ်ပြီးတော့ နိုဝင်ဘာ ၉ ရက်မှာ Fortune TV ရုပ်သံလိုင်းက ထုတ်လွှင့်ပေးမှာပါ"ဟု သရုပ်ဆောင် ထက်အောင်ရှိုင်းက ပြောပြသည်။




သူစိမ်းလူ ရုပ်သံဇာတ်လမ်းတွင် သရုပ်ဆောင် ထက်အောင်ရှိုင်း၊ စည်သူမြင့်ဦး၊ ဆွိ၊ မေဦးကဗျာနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါရုပ်သံဇာတ်လမ်းကို Fortune TV ရုပ်သံလိုင်းမှ HD Quality ဖြင့် နိုဝင်ဘာ ၉ ရက် စနေနေ့ ည ၇ နာရီ မိနစ် ၃၀ တွင် ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# လင်္ကာဒီပအနုပညာအင်အားစုမှ ဖျော်ဖြေတင်ဆက်မည့် ပေးဆပ်သူနှလုံးသား တေးအော်ပရာကို Mahar Application မှ ထုတ်လွှင့်သွားမည်

**ရန်ကုန် နိုဝင်ဘာ ၂**

Mahar Application က လင်္ကာဒီပအနုပညာအင်အားစုမှ ဖျော်ဖြေတင်ဆက်မည့် ပေးဆပ်သူနှလုံးသား တေးအော်ပရာကို HD Quality ဖြင့် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း လင်္ကာဒီပအနုပညာအင်အားစု ဒါရိုက်တာ အောင်ကျော်ထွန်းက ပြောပြ၍သိရသည်။

ပေးဆပ်သူနှလုံးသား တေးအော်ပရာ၏ ဇာတ်ညွှန်းကို တေးရေး အောင်ကိုမင်းက စီစဉ်ရေးသားထားကာ ဇာတ်ဝင်တေးသီချင်းများကို တေးသံရှင် ယဉ်ဝေယံထွန်း၊ ရွှေမင်းအိမ်တို့က သီဆိုထားပြီး ဟိန်းရာဇာ မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် လင်္ကာဒီပဩခတ်စတြာ တီးဝိုင်းကြီးက အကောင်းဆုံး တီးခတ်ပေးထားကြောင်း သိရသည်။

"ပေးဆပ်သူနှလုံးသား တေးအော်ပရာကိုတော့ လင်္ကာဒီပအနုပညာအင်အားစုက ကပြတင်ဆက်ထားတာကို Mahar Application ကနေ HD Quality နဲ့ ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။ တေးသရုပ်ဖော်ပိုင်းကတော့ လင်္ကာဒီပအနုပညာအင်အားစုမှ မင်းသား ရဲထက်နဲ့ ထက်ကိုဖြစ်ပြီးတော့ မင်းသမီး ဟန်ဝင့်ဝါတို့က သရုပ်ဖော်တင်ဆက်ကြမှာပါ။ တေးသံရှင် ယဉ်ဝေယံထွန်းနဲ့ ရွှေမင်းအိမ်တို့က နောက်ခံတေးသီချင်း သီဆိုပေးမှာဖြစ်ပြီး ဟိန်းရာဇာမြန်မာ့ဆိုင်းဝိုင်းကြီးနဲ့ လင်္ကာဒီပဩခတ်စတြာတီးဝိုင်းကြီးက ပံ့ပိုးတီးခတ်ပေးမှာပါ။ စောင့်မျှော်အားပေးကြပါအုံး"ဟု ဒါရိုက်တာ အောင်ကျော်ထွန်းက ပြောပြသည်။

ပေးဆပ်သူနှလုံးသား တေးအော်ပရာကို Mahar Application မှ နိုဝင်ဘာ ၅ ရက်မှစတင်ကာ အပတ်စဉ် အင်္ဂါနေ့နှင့် ကြာသပတေးနေ့ ည ၉ နာရီတွင် ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ ASH

# Cliffhanger ဇာတ်ကား စတင်ရိုက်ကူးနေ

**နယူးယောက် နိုဝင်ဘာ ၂**

Cliffhanger ဇာတ်ကားသစ် ရိုက်ကူးထုတ်လုပ်မှု လုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း နိုဝင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားသည် မင်းသားကြီး ဆီဗက်စတာ စတားလုန်း၏ ကမ္ဘာကျော် Cliffhanger (1995) ကို ပြန်လည်ရိုက်ကူးနေသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Cliffhanger ဇာတ်ကားသစ်တွင် မင်းသမီး လီလီဂျိမ်းနှင့် ပီရက်ဘရော့ဒနန်တို့ ပါဝင်သရုပ်ဆောင်နေကြောင်း သိရသည်။

Cliffhanger ဇာတ်ကားကို ဒါရိုက်တာ ဂျူမီကောလက်ဆာရာက တာဝန်ယူရိုက်ကူးနေခြင်းဖြစ်ပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမ အန်နာလီလီအမီရာပူက ရေးသားပေးထားကြောင်း သိရသည်။

Cliffhanger ဇာတ်ကားတွင် ပြန်လည် ပါဝင်မည်ဖြစ်ကြောင်း မင်းသားကြီး ဆီဗက်စတာစတားလုန်းက ပြီးခဲ့သည့် နှစ်အတွင်း ကြေညာခဲ့သော်လည်း နောက်ပိုင်းတွင် ယခုဇာတ်ကားမှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

Cliffhanger ဇာတ်ကားသစ် ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# A24 ၏ Onslaught ဇာတ်ကား၌ မင်းသား ဒန်းစတီဗင် ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၂**

A24 ရုပ်ရှင်ကုမ္ပဏီ၏ Onslaught လျှို့ဝှက်သည်းဖိုအက်ရှင် ဇာတ်ကားသစ်တွင် မင်းသားကြီး ဒန်းစတီဗင် ပါဝင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဒန်းစတီဗင်သည် မင်းသမီး အက်ဒရီယာအာဂျိုနာ နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Onslaught ဇာတ်ကားကို ဒါရိုက်တာ အဒမ်ဝင်းဂါ့က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

မင်းသား ဒန်းစတီဗင်နှင့် ဒါရိုက်တာ အဒမ်ဝင်းဂါ့တို့သည် The Guest ဇာတ်ကား၌ လက်တွဲဆောင်ရွက်ခဲ့ကြဖူးသူများဖြစ်ကြကြောင်း သိရသည်။

Onslaught ဇာတ်ကားကို ယခုလအတွင်း နယူးမက္ကဆီကိုပြည်နယ်၌ စတင်ရိုက်ကူးရန် A24 ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

လက်ရှိတွင် Onslaught ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို A24 က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing graces Deepawali Festival





Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoy Hindu traditional dances at Deepawali Festival.

**Nay Pyi Taw November 2**

Hindus in Myanmar collectively observed Deepawali Festival at National Theatre on Myomakyaung Street, Dagon Township, Yangon this evening, graced by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present together with the Senior General were his wife, Daw Kyu Kyu Hla, Joint SAC Secretary General Ye Win Oo and wife, SAC member General Nyo Saw and wife, union ministers and wives, the Yangon region chief minister, ambassadors and heads of diplomatic missions in Myanmar, senior military officers from Office of Commander-in-Chief and wives, the Yangon command commander, officials of organizations, Hindu ethnic groups, Hindu cultural troupes, and honoured guests.

First, the Senior General and wife and party were welcomed by officials. Then, officials formally opened the archway of the Hindu traditional Deepawali Festival, followed by the blowing of Hindu traditional kaboos and releasing of hot balloons.

Afterwards, the Senior General and wife were welcomed by oil incense lamps. The Senior General and the Indian Ambassador to Myanmar formally opened the festival by pushing the button and posed for documentary photos together with the attendees.

The Senior General and wife and party visited the booths of Hindu associations and Hindu ethnic races in sequence.

At the second part of the ceremony, held at the Theatre Hall, the Senior General and wife and the ambassador and wife, and officials lit the Deepawali lamps. The ambassador and wife wore the Senior General and wife Mingala Shawl and Garland.

The Senior General and wife and attendees posed for group documentary photos. Master of ceremonies explained points about the Deepawali and the tradition of lighting the lamps.

The Senior General and wife and attendees enjoyed the solo dance show, Gangesha Dhamma Puja song, and lamp dance staged by the Indian Embassy in Myanmar.





Senior General Min Aung Hlaing gives a commemorative speech at Deepawali Festival.

Speaking on the occasion, the Senior General said that Deepavali festival is a traditional lighting festival of Hindus, and "Deepa" means lighting and "Avali" is defined as possession. So, the combined meaning shows actions of possession with oil lights. Oil lighting can remove darkness and the festival means arrivals of good things *See Page 13*



Senior General Min Aung Hlaing views Hindu traditional food.



Senior General Min Aung Hlaing visits a documentary photo booth.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla being welcomed with oil incense lamps.

*From Page 12*

leaving bad conditions as well as emergence of the anticipation. The literature defines it that "Lighting shall remove darkness". Such a meaning is the most comprehensive for bringing good things as primary strength and power to all humans. Hence, it can believe that Hindus beautifully illuminate their temples and homes in accord with their traditions on this festival occasion with oil lights so as to gain strength for their lives.

The Deepavali celebration held this year was unlike previous years, as it was joyfully organized on a grand scale with the participation of all Hindu religious groups, social organizations, and followers in Myanmar, along with people from other faiths joining in. It is believed that this demonstrates harmony and unity among the diverse religious communities in Myanmar. The Senior General expressed his very pleasure and joy in seeing all members of the Hindu community coming together to participate, making this a remarkable milestone.


The Indian ambassador presents a flower basket to a cultural troupe.

All citizens of Myanmar may have differences in ethnicity or religion. However, since they have all grown up together on the same motherland, they must respect each other's beliefs and religions. Based on the Union spirit, they have to serve interests of Myanmar through bilaterally friendly relations. Although today's conflicts in Myanmar were based on political conditions, these are not resolved in political ways yet. Such things depend on external instigation based on political, racism and religious affairs. Through such instigations, terror acts are being recklessly committed within the country, implying that division among the people only leads to further conflict. Regardless of ethnicity or religion, as everybody needs to share the same land, water, and air in Myanmar, it is essential that people cultivate a love for the country and the Union spirit in order to live together peacefully. Currently, the Senior General said he is striving to implement the planned steps to guide the nation back onto the path of democracy. Therefore, he urges everyone to work together to resolve ongoing conflicts and to soonest return to the path everybody aspires to.

Although there are many differences and diversity within Myanmar, it is only by uniting and organizing these differences that everybody can create strength. To achieve such a unified strength, the Senior General said that he is leading and taking action himself. He has also facilitated meetings between representatives of Indian and Chinese ethnic communities from Myanmar. The needs of the organizations were inquired about and fulfilled, and responses were also provided to their feedback. In Myanmar, everybody knows that the government supports religious ceremonies of various religions in Myanmar, as well as commemorative days and events related to different ethnic groups to the fullest extent possible. Today, at this Deepavali festival celebration, everybody has also seen a spirit of unity and togetherness among all attendees. It is necessary to continue building upon this foundation with even greater strength.


Senior General Min Aung Hlaing and wife Daw Kyu Kyu Hla being welcomed with an oil incense lamp.

Therefore, with the start of this auspicious festival of Deepavali, celebrated by the Hindu community, the Senior General made his sincere wish and message for all citizens to share mutual love, respect, understanding, and forgiveness toward one another, urging all to come together in unity to foster peace and harmony in the nation and the world.

The Senior General and the Indian Ambassador exchanged commemorative gifts.

The Indian Ambassador gave a remark, and the Chairman of the Leading Committee for Organizing the festival spoke words of thanks.

The Senior General, his wife and attendees enjoyed Hindu traditional cultural dances and songs, dances of ethnic groups and Myanmar traditional dances performed by Hindu traditional cultural troupe and the cultural troupes from the National University of Arts and Culture (Yangon). Afterwards, the Senior General and his wife and the Indian Ambassador and his wife presented flower baskets to those troupes.

After the ceremony, the Senior General and his wife, and party cordially greeted attendee Hindu ethnicities and Hindu traditional cultural troupes.

Later, the Senior General, his wife and attendees had the dinner in commemoration of the Deepavali festival together.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ကြည်းတပ်က မောင်းသူမဲ့လေယာဉ်စနစ်များထုတ်လုပ်ပေးရန် Kraus Hamdani ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့



အမေရိကန်ကြည်းတပ်သည် ကယ်လီဖိုးနီးယားပြည်နယ်အခြေစိုက် Kraus Hamdani လေကြောင်းနှင့် အာကာသ ကုမ္ပဏီနှင့် မောင်းသူမဲ့လေယာဉ်စနစ်များ ထုတ်လုပ်ပေးနိုင်ရန် အမေရိကန်ဒေါ်လာ သန်း ၂၀ တန် စာချုပ်ချုပ်ဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပင်တဂွန်စစ်ဌာနချုပ်၏ နည်းပညာအသစ်အဆန်းများ တီထွင်ထုတ်လုပ်ဝယ်ယူရေးနှင့် တပ်ဖြန့်အသုံးပြုနိုင်ရေး အရှိန်မြှင့်လုပ်ဆောင်မှု (APFIT)အစီအစဉ်အောက်မှ ရွေးချယ်တာဝန်ပေးအပ်ခဲ့သော ဝယ်ယူရေး သဘောတူစာချုပ်အရ Kraus ကုမ္ပဏီသည် အမေရိကန်ကြည်းတပ် ပစိဖိတ်အမှတ်(၁) ဘက်စုံသုံးအထူးတပ်ဖွဲ့နှင့် ပူးတွဲအထူးစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်တို့အတွက် K1000ULE UAS မောင်းသူမဲ့လေယာဉ်စနစ်ကိုထုတ်လုပ်၍ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မောင်းသူမဲ့လေယာဉ်စနစ်သည် နက်ရှိုင်းစွာ အာရုံခံထောက်လှမ်းနိုင်ရန်နှင့် အကွာအဝေးမြင့်မားစွာ ဆက်သွယ်လုပ်ဆောင်နိုင်ရန် စသည့်စွမ်းဆောင်ရည်များအတွက် ဝေဟင်ဆက်သွယ်ရေးတိုးချဲ့မှု၊ အီလက်ထရွန်နစ်စစ်ဆင်ရေးနှင့် ကင်းထောက်(ISR) ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်သည်။

နည်းပညာအသစ်အဆန်းများ တီထွင်ထုတ်လုပ်ဝယ်ယူရေးနှင့် တပ်ဖြန့်အသုံးပြုနိုင်ရေး အရှိန်မြှင့်လုပ်ဆောင်မှု(APFIT) အတွက် စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းသည် ကမ္ဘာတစ်ဝန်း ဖြစ်ပွားနေသော ပဋိပက္ခများမှ သင်ခန်းစာဖော်ထုတ်ချက်၊ ခေတ်သစ်စစ်ပွဲတွင် ရန်သူများအပေါ် ဘက်မညီစစ်ရေးအားသာချက်တစ်ရပ် ဖန်တီးပေးနိုင်ရန်အတွက် မိမိတို့တပ်ဖွဲ့ဝင်များထံ အတွေ့အကြုံရင့်ကျင့်ပြီးဖြစ်သော နည်းပညာစွမ်းအားများ လိုက်လျောညီထွေဖြစ်စွာ ပေးအပ်နိုင်မှုတို့ကို ဖော်ညွှန်းပြသနေခြင်းဖြစ်ကြောင်း Kraus ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်၊ ပူးတွဲတည်ထောင်သူ Fate-maHamdani က မှတ်ချက်ပြုပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ် APFIT အစီအစဉ် စတင်ကတည်းက အမေရိကန်ဒေါ်လာ သန်း ၂၀ တန် ဝယ်ယူရေးစာချုပ်ရရှိခဲ့မှုသည် ပမာဏအားဖြင့် အကြီးမားဆုံးဖြစ်ပြီး ထိုအချက်သည် Kraus ကုမ္ပဏီကို အရေအတွက်များများနှင့် ထုတ်လုပ်မှုစွမ်းအား အရှိန်မြှင့်လုပ်ဆောင်နိုင်စေရန် ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း Kraus ကုမ္ပဏီ၏ နည်းပညာအရာရှိချုပ် Stefan Kraus က ပြောကြားခဲ့သည်။

မျိုးဆက်သစ် K1000ULE မောင်းသူမဲ့လေယာဉ်စနစ်သည် လေထဲတွင် ကြာမြင့်စွာပျံသန်းနိုင်၍ လျှပ်စစ်တွန်းအားပေးစနစ် အပြည့်အဝအသုံးပြုမည်ဖြစ်ပြီး အလိုအလျောက် ပျံသန်းနိုင်စွမ်းရှိစေရန် ဒီဇိုင်းထုတ်ထားသည့် အမေရိကန်တပ်မတော် စံနှုန်းသတ်မှတ်ချက်အရ အုပ်စု(၂)တန်းဝင် မောင်းသူမဲ့လေယာဉ်စနစ် အမျိုးအစားဖြစ်သည်။ အလေးချိန်အားဖြင့် ၂၁ ပေါင်မှ ၅၅ ပေါင်ထိရှိသည်။ လေကြောင်းထောက်လှမ်းရေး၊ အီလက်ထရွန်နစ်စစ်ဆင်ရေး၊ အီလက်ထရွန်နစ်ထောက်လှမ်းရေးနှင့် မြေမျက်နှာသွင်ပြင်ပထဝီဆိုင်ရာ ထောက်လှမ်းရေးတို့ကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် ၎င်းသည် Up Swarm ဟုခေါ်သော AI အခြေခံ အလိုအလျောက်မောင်းသူမဲ့လေယာဉ်များ ပေါင်းစပ်ညှိနှိုင်းရေးစနစ်ဖြင့် အသံနှင့်ဒေတာ ဆက်သွယ်ဆောင်ရွက်နိုင်စွမ်းရှိမည်ဖြစ်သည်။

ယခုအခါ အမေရိကန်ကြည်းတပ် ပစိဖိတ်စစ်ဌာနချုပ် (US Army Pacific Command)သည် ၂၀၂၂ ခုနှစ်တွင် K1000ULE မောင်းသူမဲ့လေယာဉ်စနစ်၏ နက်ရှိုင်းစွာ ထောက်လှမ်းမှုနှင့် အာရုံခံနိုင်မှုစွမ်းရည်များကို ဖော်ထုတ်နိုင်ခဲ့ပြီး ပစိဖိတ်သမုဒ္ဒရာတစ်လျှောက် လေ့ကျင့်မှုများနှင့်စစ်ဆင်ရေးများတွင် တပ်ဖြန့်အသုံးပြုခဲ့ကာAPFIT အစီအစဉ်အတွက် အထောက်အပံ့ကောင်းများ ရရှိစေခဲ့ကြောင်း သိရသည်။

**Kraus Hamdani Secures $20M Deal to Produce Drones for US Army** ကို ဘာသာပြန်ဆိုထားပါသည်။

## ပေါ်တူဂီက ပြင်သစ်နိုင်ငံ Thales ကုမ္ပဏီထုတ် Rapid Ranger တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်များ လက်ခံရရှိခဲ့

ပေါ်တူဂီနိုင်ငံသည် ပြင်သစ်နိုင်ငံ Thales ကုမ္ပဏီထုတ် Rapid Ranger တာတိုပစ် လေကြောင်းရန်ကာကွယ်ရေး စနစ်များကိုဝယ်ယူရာ လက်ခံရရှိခဲ့ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပေါ်တူဂီကြည်းတပ်မှ ဗိုလ်ကြီး Filipe Gonçalves ၏ Instagram အကောင့်တွင် RapidRanger တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို Thales ကုမ္ပဏီထုတ် STARStreak ဒုံးကျည်၊ အပေါ့စား ဘက်စုံသုံးဒုံးကျည် (LMM) နှင့်အတူ ပြသထားသည်။ ပေါ်တူဂီသည် ၎င်း၏ လေယာဉ်ပစ်အမြောက်စနစ်များကို အဆင့်မြှင့်တင်ရန် တင်ဒါခေါ်ဆိုမှု ထုတ်ပြန်ခဲ့ပြီးနောက် တစ်နှစ်အကြာတွင် RapidRanger စနစ်ကို ရွေးချယ်ဝယ်ယူခဲ့ကြောင်း ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

Rapid Ranger စနစ်သည် ဝေဟင်နှင့် မြေပြင်ခြိမ်းခြောက်မှုများကို လျင်မြန်စွာ ထောက်လှမ်းသိရှိနိုင်ပြီး တုံ့ပြန်နိုင်စွမ်းရှိသော ယာဉ်တင်အလိုအလျောက် တိုက်ပွဲဝင်နိုင်သည့် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ဖြစ်သည်။ အဆိုပါစနစ်ကို သံချပ်ကာယာဉ်အမျိုးမျိုးတွင် တပ်ဆင်အသုံးပြုနိုင်ပြီး STAR-Streak နှင့် LMM ကဲ့သို့သော ဒုံးကျည်များ တပ်ဆင်ပစ်လွှတ်နိုင်သည်။

အဆိုပါစနစ်သည် ပစ်မှတ်များကို နေ့ရောညပါ ဖမ်းယူကြည့်ရှုနိုင်သော ကင်မရာများ၊ အပူပုံရိပ်ဖော်အာရုံခံကိရိယာများ၊ ၃၆၀ ဒီဂရီပတ်လည် စောင့်ကြည့်နိုင်သော Omnidirectional အင်တင်နာများနှင့် အလိုအလျောက် ပစ်မှတ်ခြေရာခံထိန်းကျောင်းရေး အာရုံခံကိရိယာများဖြင့် ပစ်မှတ်များကို ရှာဖွေထောက်လှမ်း၊ ခြေရာခံထိန်းကျောင်း၍ တိုက်ခိုက်ချေမှုန်းနိုင်မည်ဖြစ်သည်။

Rapid Ranger လက်နက်စနစ်သည် ပစ်မှတ်များကို အကွာအဝေး ၁၅ ကီလိုမီတာအတွင်း ထောက်လှမ်းနိုင်ပြီး အကွာအဝေး ခုနစ်ကီလိုမီတာထိ တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်။



၂၀၂၃ ခုနှစ်တွင် ပေါ်တူဂီသည် နိုင်ငံ့တပ်မတော်ကို အဆင့်မြှင့်တင်ရန် ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းဆောင်ရွက်ချက်များ ထည့်သွင်းရေးဆွဲထားသော စစ်ဘက်စီမံကိန်းဆိုင်ရာဥပဒေကို မိတ်ဆက်ခဲ့သည်။ အဆိုပါအစီအစဉ်သည် ကြည်း၊ ရေ၊ လေ၊ ဆိုက်ဘာနှင့် အာကာသနယ်ပယ်အသီးသီးတွင် အဆင့်မြှင့်တင်နိုင်ရေးအတွက် ၂၀၃၄ ခုနှစ်ထိ ရည်မှန်းချက်ထားလုပ်ဆောင်နိုင်ရန် ဘတ်ဂျက် ယူရို ၅ဒသမ ၅၇ဘီလီယံဖြင့် ရင်းနှီးမြှုပ်နှံ၍ ကြိုးပမ်းဆောင်ရွက်နေခြင်းလည်း ဖြစ်သည်။ ယခုလအစောပိုင်းတွင် ပေါ်တူဂီနိုင်ငံသည် ပြင်သစ်နိုင်ငံမှ Caesar NG ဟောင်ဝစ်ဇာအမြောက်ယာဉ် ၃၆ စီး ဝယ်ယူရန်အတွက် မူဘောင်အရ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ အဆိုပါ သဘောတူညီချက်အရ အခြား NATO အဖွဲ့ဝင်များနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်လင့်ထားသည်။ ယခုနှစ် ဇွန်လတွင် ပေါ်တူဂီနိုင်ငံသည် Embraer ကုမ္ပဏီထံမှ ၎င်း၏ဒုတိယမြောက် KC-390 ဘက်စုံသုံးလေယာဉ်တစ်စင်း လက်ခံရရှိခဲ့ပြီး နောက်ထပ်လေယာဉ် သုံးစင်း ဝယ်ယူထားမှုကိုလည်း ၂၀၂၇ ခုနှစ်တွင် လက်ခံရရှိနိုင်ရန် မျှော်မှန်းထားသည်။

**Portugal to Receive Thales Rapi-dRanger Air Defense Systems: Report** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ငရုတ်ပွသီးများ အရောင်းအဝယ်ကောင်းမွန်နေ



**မအူပင် နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ငရုတ်ပွသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သို့ ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ငရုတ်ပွသီးများ ယခုနှစ် အောက်တိုဘာလတတိယပတ်မှ ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ငရုတ်ပွသီးများ လက်ရှိ တစ်ရက်လျှင် ပိဿာချိန် ၁၅၀ ကျော်ထိ အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

''ရှမ်းပြည်နယ်ဘက်ကနေ မအူပင်မြို့နယ်ဘက်ကို ငရုတ်ပွသီးတွေ ပုံမှန်ဝင်ရောက်နေပါတယ်။ စားသုံးသူ လိုအပ်ချက်ကြောင့် အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိတစ်ရက်ကို ပိဿာချိန် ၁၅၀ နဲ့အထက် ရောင်းချနေရပါတယ်။ ပြီးခဲ့တဲ့လကတစ်ရက်ကို ပိဿာချိန် ၇၀ လောက်ပဲ ရောင်းချခဲ့ရတာပါ။ လက်ရှိ ငရုတ်ပွသီး ပိဿာချိန် ၁၀၀ကို ငွေကျပ် ၈၅၀၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ဝင်ရောက်လာတဲ့ ငရုတ်ပွသီးတွေက အရည်အသွေးကောင်းပါတယ်''ဟု မအူပင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

**ကျော်ကျော်လင်း**

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၂၃၉၈ ဧက ရိတ်သိမ်းပြီးစီး

**မြင်းမူ နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း၂၃၉၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း၈၁၉ ဧကနှင့် မိုးပဲတီစိမ်း ၁၈၇၈၈ ဧက စုစုပေါင်း ၁၉၆၀၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ မိုးကြိုပဲတီစိမ်း ၈၁၉ ဧက ရိတ်သိမ်းပြီး တစ်ဧကလျှင် ၁၆ ဒသမ ၃၈ တင်းနှင့် မိုးပဲတီစိမ်း ၁၅၇၉ ဧက ရိတ်သိမ်းပြီး တစ်ဧကလျှင် ၁၃ ဒသမ ၂၃ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ပဲတီစိမ်း ၁၉၆၀၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိ အဲဒီစိုက်ခင်းတွေ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ပညာပေးတာတွေရှိပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မြင်းမူမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု



ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်း ပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# ဘုတ်ပြင်းမြို့နယ် ကလန်းချောင်းကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း စစ်ဆေး

**ဘုတ်ပြင်း နိုဝင်ဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ကလန်းချောင်းကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးသန်းထွန်းဦး၊ ဘုတ်ပြင်းမြို့နယ် ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့်အင်ဂျင်နီယာဝန်ထမ်းများက ကလန်းချောင်းကျေးရွာ၌ ရေပိုက်လိုင်း အရှည်ပေ ၉၁၀၀ သွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းတာဝန်ခံကိုလုပ်ငန်းများအားလုံးသတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘုတ်ပြင်းမြို့နယ် ကလန်းချောင်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ်၂၆ ဒသမ ၈၉ သန်းအသုံးပြု၍ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းကို ဇွန် ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာရှိ အိမ်ခြေ၁၉အိမ်၊ လူဦးရေ ၆၀ ၆ဦးအတွက် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦးထံမှ သိရသည်။

**အိပိုးပိုး**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂-၁၁-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဗေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၆၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၆၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၇၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက မင်္ဂလာဂုဏ်ပြုပဝါနှင့် ပန်းကုံးကို ဂါရဝပြုဆင်မြန်းပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး၏ဇနီးက မင်္ဂလာဂုဏ်ပြုပဝါနှင့် ပန်းကုံးကို ဂါရဝပြုဆင်မြန်းပေးစဉ်။

**ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များအား တာဝန်ရှိသူများကကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ဟိန္ဒူရိုးရာဒီပါဝလီအထိမ်းအမှတ်အခမ်းအနားမင်္ဂလာမုခ်ဦးကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဟိန္ဒူရိုးရာ ကဘူးများမှုတ်ခြင်း၊ မိုးပျံပူဖောင်းများလွှတ်တင်ခြင်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့အား ဟိန္ဒူရိုးရာဆီမီးနံ့သာဖြင့် ကြိုဆိုကြသည်။ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊အဖွဲ့ဝင်များသည် ဟိန္ဒူအသင်းအဖွဲ့ပြခန်းများ၊ ဟိန္ဒူမျိုးနွယ်စုပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ပြဇာတ်ခန်းမ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ တာဝန်ရှိသူများက ဒီပါဝလီအထိမ်းအမှတ် ဆီမီးထွန်းညှိပေးကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်ဇနီးတို့က မင်္ဂလာဂုဏ်ပြုပဝါနှင့်ပန်းကုံးကို ဂါရဝပြုဆင်မြန်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ယင်းနောက်ဒီပါဝလီနေ့နှင့် ဆီမီးထွန်းညှိခြင်းတို့နှင့်ပတ်သက်၍ အခမ်းအနားမှူးက ရှင်းလင်းတင်ပြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ တစ်ကိုယ်တော်အကဖြင့်ဖျော်ဖြေမှု၊ Ganesha ဓမ္မတေးဖြင့်ပူဇော်မှု၊ ဆီမီးခွက်အကဖြင့်ဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ဟိန္ဒူအသင်းအဖွဲ့ပြခန်းများ၊ ဟိန္ဒူမျိုးနွယ်စုပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုစဉ်။

ဟိန္ဒူရိုးရာ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခြင်းနှင့် ပတ်သက်၍ပြောကြားရာတွင် ဒီပါဝလီပွဲတော်သည် ဟိန္ဒူဘာသာဝင်တို့၏ရိုးရာမီးထွန်းပွဲတော်ဖြစ်ပြီး “ဒီပ”ဟူသည့် မီးအလင်းရောင်နှင့် “အာဝလိ”ဟူသည့်စီတန်းခြင်းဟူသော အဓိပ္ပာယ်တို့ကိုပေါင်းစပ်၍ ဆီမီးအလင်းရောင်များဖြင့် စီတန်းထွန်းညှိပူဇော်ခြင်းအဓိပ္ပာယ်ရသည်ဟု သိရှိရပါကြောင်း၊ ထိုသို့ ဆီမီးပူဇော်ခြင်းအားဖြင့် အလင်းမှအမှောင်ကို ခွင်းနိုင်သကဲ့သို့ မကောင်းသည့်အခြေအနေဆိုးမှကောင်းခြင်းတရားများရောက်ရှိလာစေရန်၊မျှော်လင့်ချက်ရောင်ခြည်များပေါ်ထွန်းလာစေရန်ဟူသည့် ယုံကြည်ချက်များဖြင့် ယခုကဲ့သို့ ဆီမီးပူဇော်ကြသည်ဟုသိရပါကြောင်း၊ စာပေ၌





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ သီဆိုကပြဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။

“အမှောင်ခွင်း၍အလင်းဆောင်အံ့”ဟုဆိုကြပြီး အလင်းရောင်သည် လူသားတို့အားလုံးအတွက် ကောင်းကျိုးဖြစ်စေမည့် အဓိကခွန်အား၊ စွမ်းအားဖြစ်ကာ အလွန်ပင်အဓိပ္ပာယ်ရှိပါကြောင်း၊ ထို့ကြောင့် ဟိန္ဒူဘာသာဝင်များအနေဖြင့် ယခုကဲ့သို့ပွဲတော်ကျင်းပသည့် အခါသမယတွင် ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ ဘုရားကျောင်းများ၊ မိမိတို့၏နေအိမ်များတွင် ဆီမီးများကိုလှပစွာထွန်းညှိပူဇော်ကြခြင်းသည် ဘဝ၏တိုးတက်မှုခွန်အားများကို အားလုံးရစေမည်ဟု ယုံကြည်ပါကြောင်း။

ယခုနှစ်ကျင်းပသည့် ဒီပါဝလီနေ့အထိမ်းအမှတ်အခမ်းအနားသည်လည်း ယခင်နှစ်များနှင့်မတူဘဲ မြန်မာနိုင်ငံအတွင်း၌ရှိသည့် ဟိန္ဒူဘာသာရေးအဖွဲ့အစည်းများ အပါအဝင် လူမှုရေး အဖွဲ့အစည်းများအားလုံးနှင့် ဘာသာဝင်များ၊အခြားသောဘာသာဝင်များ စုပေါင်းပြီး စည်ကားသိုက်မြိုက်စွာကျင်းပဆောင်ရွက်သွားခြင်းဖြစ်ကြောင်း၊ယင်းသည် မိမိတို့နိုင်ငံအတွင်း၌ရှိသည့် မတူကွဲပြားသည့် ဘာသာဝင်များအကြား သင့်မြတ်ညီညွတ်မှုကို ပြသနေခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ ဟိန္ဒူဘာသာဝင်များအားလုံး စုစုစည်းစည်းပါဝင်ဆင်နွှဲခြင်းသည် မှတ်တိုင်တစ်ခုဖြစ်သည့်အတွက် မိမိအနေဖြင့် အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းကို ပြောကြားလိုပါကြောင်း။

မိမိတို့မြန်မာနိုင်ငံသားများသည် လူမျိုးအရဖြစ်စေ၊ ဘာသာတရားအရဖြစ်စေ ကွဲပြားမှုများရှိကြောင်း၊ သို့သော်လည်း အမိမြေပေါ်တွင် အတူတကွကြီးပြင်းလာကြသူများဖြစ်ကြသည်မှာ တူညီသည့်အတွက် တစ်ဦး၏ယုံကြည်ရာ ဘာသာတရားကို အခြားတစ်ဦးက လေးစားကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို

**မြန်မာနိုင်ငံအတွင်း ဒီမြေ၊ ဒီရေ၊ ဒီလေကို တူညီစွာ သုံးစွဲနေထိုင်ကြသည့် မည်သည့်လူမျိုး၊ မည်သည့် ဘာသာဝင်ပင်ဖြစ်ပါစေ မြန်မာနိုင်ငံကို ချစ်သည့်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်မွေးပြီး နေကြရန်လို. . .**

အခြေခံပြီး အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုများကတစ်ဆင့် မြန်မာနိုင်ငံ၏အကျိုးကို ဝိုင်းဝန်းသယ်ပိုး သွားကြစေလိုကြောင်း၊ သို့သော်လည်း ယနေ့အချိန်တွင် မိမိတို့နိုင်ငံ၌ဖြစ်ပေါ်နေသည့်ပဋိပက္ခများသည် နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့်ပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းမှုမရှိခြင်းကြောင့်ဖြစ်ကြောင်း၊ ပြည်ပမှ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးစသည့်လှုံ့ဆော်မှုအမျိုးမျိုး အခြေခံနေသည်ကိုတွေ့ရကြောင်း၊ ယင်းသို့သွေးထိုးလှုံ့ဆော်မှုများမှတစ်ဆင့် နိုင်ငံအတွင်းအကြမ်းဖက်လုပ်ရပ်များကို မိုက်မဲစွာကျူးလွန်နေကြခြင်းပင်ဖြစ်ကြောင်း၊ သွေးကွဲနေပါကသွေးထိုးခံနေရမည်ပင်ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံအတွင်း ဒီမြေ၊ ဒီရေ၊ ဒီလေကို တူညီစွာသုံးစွဲနေထိုင်ကြသည့် မည်သည့်လူမျိုး၊မည်သည့်ဘာသာဝင်ပင်ဖြစ်ပါစေ မြန်မာနိုင်ငံကိုချစ်သည့်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်မွေးပြီး နေကြရန်လို**ကြောင်း၊ ယနေ့အချိန်တွင် မိမိအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်လျှောက်လှမ်းနိုင်ရန်အတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော် နိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ဖြစ်ပေါ်နေသည့်ပဋိပက္ခများ ချုပ်ငြိမ်းပြီး မိမိတို့အားလုံးသွားလိုသည့် လမ်းကြောင်းပေါ်အမြန်ဆုံးပြန်လည်ရောက်ရှိစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် မတူညီမှုများကွဲပြားမှုများရှိနေသည်မှန်သော်လည်း အဆိုပါမတူကွဲပြားမှုများကို စုစုစည်းစည်း စည်းရုံးနိုင်ခြင်းကသာ အင်အားကိုဖြစ်စေပါကြောင်း၊ ထိုကဲ့သို့စုစည်းသည့်အင်အားရရှိစေရေး မိမိကိုယ်တိုင်ဦးဆောင်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိအနေဖြင့် မြန်မာပြည်ဖွားအိန္ဒိယလူမျိုးစုအဖွဲ့အစည်းများ၊ တရုတ်လူမျိုးစုအဖွဲ့အစည်းများနှင့် မိမိ၏ကိုယ်စားလှယ်များတွေ့ဆုံစေခဲ့ကြောင်း၊ အဆိုပါအဖွဲ့အစည်းများ၏ လိုအပ်ချက်များကိုမေးမြန်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့်အပြင် ၎င်းတို့၏သုံးသပ်ချက်များအပေါ် အဖြေရှာဆောင်ရွက်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင်ရှိသည့်

**စာမျက်နှာ ၁၈ သို့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ဟိန္ဒူအသင်းအဖွဲ့ပြခန်းများ၊ ဟိန္ဒူမျိုးနွယ်စုပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ယဉ်ကျေးမှုအဖွဲ့များကို အမှတ်တရ ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

ဘာသာပေါင်းစုံ၏ ဘာသာရေးဆိုင်ရာ အခမ်းအနားများ၊ လူမျိုးစုများဆိုင်ရာ အထိမ်းအမှတ်နေ့များနှင့် အခမ်းအနားများကို မိမိတို့အစိုးရအနေဖြင့် တတ်နိုင်သမျှ အားပေးကူညီနေသည်ကိုလည်း အားလုံးက မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ကြောင်း၊ယနေ့တွင်လည်း ဒီပါဝလီပွဲတော် အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်သူများအားလုံးနှင့်အတူ စည်းလုံးမှု၊ စုစည်းမှုအားကိုမြင်တွေ့ရသည့်နေ့ပင် ဖြစ်ပါကြောင်း၊ မိမိတို့ယခုထက် ပိုခိုင်မြဲအောင် ဆက်လက်တည်ဆောက်သွားကြရန် လိုပါကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ဟိန္ဒူဘာသာဝင်များ၏ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့်ဆီမီးထွန်းညှိပူဇော်ခြင်း ပွဲတော်ကာလမှစပြီး မိမိတို့နိုင်ငံသားအားလုံးက တစ်ဦးအပေါ် တစ်ဦး ချစ်ခင်လေးစားမှုနားလည်ခွင့်လွှတ်မှုများမျှဝေပေးပြီး နိုင်ငံတော်နှင့်ကမ္ဘာကြီးတွင် ငြိမ်းချမ်းသာယာမှုများဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်နိုင်ကြပါစေကြောင်းဖြင့် ဆန္ဒပြုဆုမွန်ကောင်းစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက အမှတ်တရစကားနှင့် ဒီပါဝလီအထိမ်းအမှတ်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားအသီးသီးပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများကို ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)မှ ယဉ်ကျေးမှုအဖွဲ့များက ဟိန္ဒူရိုးရာယဉ်ကျေးမှုအကပဒေသာများ၊ လူမျိုးစုများ၏ ရိုးရာအကများ၊မြန်မာရိုးရာအကများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ဖျော်ဖြေမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့သည် ယဉ်ကျေးမှုအဖွဲ့များကို အမှတ်တရဂုဏ်ပြုပန်းခြင်းပေးအပ်ချီးမြှင့်ခဲ့ကြသည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊အဖွဲ့ဝင်များသည်တက်ရောက်လာကြသည့် ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)




မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက အမှတ်တရစကားပြောကြားစဉ်။




ဒီပါဝလီအထိမ်းအမှတ်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားစဉ်။

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ်(၂၀)သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ






အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အထူးဖိတ်ကြားထားသည့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဧည့်သည်တော်များ၊ အလုပ်ခန့်အပ်လွှာ ပေးအပ်မည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ ဌာနမှူးများ၊ဆရာ၊ဆရာမများ၊သင်တန်းဆင်းကျောင်းသား၊ကျောင်းသူများနှင့် ၎င်းတို့၏မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)ကို စတင်တည်ထောင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့ထိ ဝိဇ္ဇာဘွဲ့ ဦးရေ ၆၂၀၊ သိပ္ပံဘွဲ့ ဦးရေ ၁၃၈၀ နှင့် အင်ဂျင်နီယာဒီပလိုမာ ၉၅၉ ဦး စုစုပေါင်း ၂၉၅၉ ဦးတို့ကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အားပေးထောက်ပံ့ လေ့ကျင့်သင်ကြားပေးမှု၊ ကျောင်းသား၊ကျောင်းသူများ၏ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်မှုများကြောင့် ယခုအခါတွင် မဟာဝိဇ္ဇာဘွဲ့ ၇၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၄၆ ဦး၊ M.Res ၅၅ ဦး၊ ပါရဂူဘွဲ့ ၁၅ ဦး၊ B.E ဘွဲ့ ၃၀၁ဦး၊ M.E ဘွဲ့ ၁၅ ဦး၊ B.Tech ၄၅၂ဦး အသီးသီး အောင်မြင်မှုရရှိခဲ့သဖြင့် အားရကျေနပ်ဖွယ်ဖြစ်ပါကြောင်းနှင့် ကျောင်းဆင်းကျောင်းသား၊ ကျောင်းသူများအနေဖြင့် အားကျအတုယူ ကြိုးစားအားထုတ်သွားကြရန် အထူးမှာကြားလိုကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **“ဒီဂရီကောလိပ်များမှ ကျောင်းဆင်းကျောင်းသား၊ ကျောင်းသူများအား မိမိဒေသအုပ်ချုပ်ရေးနှင့်ဒေသဖွံ့ဖြိုးရေးအတွက် MSME လုပ်ငန်းများတွင် ဦးဆောင်ပါဝင်ဆောင်ရွက်စေရန်”**ဟု လမ်းညွှန်မှာကြားချက်အရ ဝိဇ္ဇာဘွဲ့၊သိပ္ပံဘွဲ့ရကျောင်းသား၊ကျောင်းသူများကို ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနများတွင်လည်းကောင်း၊ A.G.T.I ဒီပလိုမာရကျောင်းသား၊ ကျောင်းသူများကို နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနများတွင်လည်းကောင်း အချိုးကျခွဲဝေတာဝန်ပေးခန့်အပ်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ **“ရှေ့သို့ချီမည်ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal)”** ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံတော်ကို တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို မမေ့မလျော့နှလုံးသွင်း၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်လမ်းပြနိုင်မည့် ခေါင်းဆောင်ကောင်းများ၊ နိုင်ငံတော်ကအားကိုအားထားပြုရသည့်သားကောင်း၊ သမီးမွန်များဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ် ထူးချွန်ဆုရရှိသူ နှစ်ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က A.G.T.I ဒီပလိုမာထူးချွန်ဆုရရှိသူ တစ်ဦးကိုလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များက အလုပ်တာဝန်ခန့်အပ်လွှာများ ပေးအပ်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ထူးချွန်ကျောင်းသားများနှင့် ၎င်းတို့၏ မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ထူးချွန်ကျောင်းသား သုံးဦးနှင့် ဒီဂရီကောလိပ်ဘက်စုံဖွံ့ဖြိုးရေးအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒီဂရီကောလိပ်ဝင်းအတွင်း မိုးလုံလေလုံအားကစားခန်းမ ဆောက်လုပ်နေမှု၊ လေးထပ် အင်ဂျင်နီယာစာသင်ဆောင် အသစ်တွင် ဘာသာရပ်အလိုက် သင်ထောက်ကူပစ္စည်းများ ထပ်မံဖြည့်တင်းဆောင်ရွက်မည့်အခြေအနေ၊ ဘောလုံးကွင်းနှင့်ပွဲကြည့်စင်၊ ဖူဆယ်အားကစားကွင်း၊ စိမ်းလန်းစိုပြည်သာယာလှပရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ကျောင်းသား၊ကျောင်းသူများ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အပါအဝင် မြို့နယ် လေးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အပါအဝင် မြို့နယ် ၁၆ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌လည်းကောင်း တက္ကသိုလ်များ၊ စာသင်ကျောင်းများအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။



နယ်မြေခံတပ်မတော်သားများနှင့်ဌာနဆိုင်ရာ ဝန်ထမ်းများက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။



နယ်မြေခံတပ်မတော်သားများက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ထိုသို့ တက္ကသိုလ်များနှင့် စာသင်ကျောင်းများ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ရှိ ပြည်သူ့ဆေးရုံများ၌ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ

# ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ




ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး) ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ဇာဇာလင်းထွေး(ခ)ပေါက်ကျော်မ "ရွှေညီလာ"(လေးထွေသံကတ်)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား) ဂီတာအတီးပြိုင်ပွဲတွင် ပထမဆုရ တနင်္သာရီတိုင်းဒေသကြီးမှ ဦးအောင်နိုင်စိုး "ဘုန်းမိုးသွန်းလောင်း"(သီချင်းခံ)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာ(အမျိုးသား) စောင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးအောင်သူဟိန်း "ပန်းဟေဝန်"(ယိုးဒယား) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးဟန်ထူးအောင်(ခ) စိန်ပက်စီ "မန်းတောင်လက်ယာ"(ယိုးဒယား)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မနိုင်ကြည်ပြာလှိုင် "မွှေးလွန်းသည့်ပန်း" (ကာလပေါ်)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး) တယောအတီးပြိုင်ပွဲတွင် ပထမဆုရ ကချင်ပြည်နယ်မှ ဒေါ်အေးလင်းသူ "စိန်ကြောင်နီလာ" (ပတ်ပျိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ

# ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ




အဆင့်မြင့်ပညာ(အမျိုးသား) ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးမြင့်မြတ်သူ "ဝေဇယန္တာ"(ယိုးဒယား)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(၁၀-၁၅)(အမျိုးသား)စန္ဒရားအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ပြည့်ဘုဏ်းသျှန် "သောင်းသောင်းညံ" (ယိုးဒယား)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)ဒုံမင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်အိအိမွန် "သည်ဆောင်းဟေမန်"(ဘွဲ့)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အခြေခံပညာ(၁၀-၁၅)(အမျိုးသမီး) စောင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်းဒေသကြီးမှ မခင်ကြာဖြူဟန် "မြတ်ပလ္လင်တော်ရှေ့"(ဘွဲ့)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား) တယောအတီးပြိုင်ပွဲတွင် ပထမဆုရ ကယားပြည်နယ်မှ ဦးအေးမော် "တောဟေဝန်လယ်"(ယိုးဒယား)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အခြေခံပညာ(၁၀-၁၅)(အမျိုးသမီး)ဂီတာအတီးပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီးမှ မဂျူးဂျူးအောင် "ဝေဘာဂီရိ"(ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

# အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် အလွတ်ခုန်လေထီးစစ်သည်များ ပွဲတော်အလံသယ်ဆောင်၍ ကွင်းအတွင်း ဆင်းသက်မည့်အစီအစဉ် ကြိုတင်လေ့ကျင့်

နေပြည်တော်  နိုဝင်ဘာ  ၂

ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပမည့် ပဋ္ဌမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် အလွတ်ခုန်လေထီးစစ်သည်များသည် တိုင်းဒေသကြီး၊ ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော်အလံသယ်ဆောင်၍ ကွင်းအတွင်း ဆင်းသက်မည့်အစီအစဉ်အတွက် စက်တင်ဘာ ၄ ရက်မှစ၍ ကြိုတင်လေ့ကျင့်လျက်ရှိရာ ယနေ့အကြိမ် ၃၀ မြောက်အဖြစ် လေ့ကျင့်နေမှုများကို တွေ့ရစဉ်။

(သတင်းစဉ်)



နေပြည်တော်ကောင်စီနယ်မြေအလံ



ရန်ကုန်တိုင်းဒေသကြီးအလံ


ဧရာဝတီတိုင်းဒေသကြီးအလံ



ကယားပြည်နယ်အလံ



ချင်းပြည်နယ်အလံ



မွန်ပြည်နယ်အလံ



တနင်္သာရီတိုင်းဒေသကြီးအလံ



မကွေးတိုင်းဒေသကြီးအလံ



# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင့်

## ဗျည်း ၃၃ လုံး၏ အနက်နှင့်အဓိပ္ပာယ်

(၂၈-၁၀-၂၀၂၄ ရက်နေ့မှအဆက်)

### ဝ

ဝ၏အနက်လည်း ‘ပေါင်းစည်းခြင်း’ ပင်ဖြစ်သည်။ မြန်မာအဘိဓာန်တွင် ဝကို နာမဝိသေသနအဖြစ်လည်းကောင်း၊ ကြိယာအဖြစ်လည်းကောင်းပြထားသည်။ နာမဝိသေသနအဖြစ် “ဖွံ့သော၊ ပြည့်ဖြိုးသော”ဟူ၍အဓိပ္ပာယ် ဖွင့်ထားပါသည်။ ကြိယာအဖြစ် “လုံလောက်သည်။ အားရကျေနပ်သည်”ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ “ထမင်းဝသည်။ အိပ်ရေးဝသည်”ဟူသော အသုံးသာဓက အကိုးပြထားပါသည်။

ဝ အက္ခရာ၏ အသွင်သဏ္ဌာန်သည်ပင် ပေါင်းစည်းခြင်း သရုပ်ကို ဖော်ပြနေပါသည်။ ဝ အက္ခရာသည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။ ဝအက္ခရာကိုရေးရာ၌ စ၍ဆွဲသောနေရာသို့ရောက်၍ တစ်ပတ်လည်မှ ဝ အက္ခရာဖြစ်သည်။ အစနှင့်အဆုံး ပေါင်းစည်းမိသဖြင့် ဝအက္ခရာ အသွင်သဏ္ဌာန်သည် ပေါင်းစည်းခြင်းကို ဖော်ပြနေပါသည်။ အနက်အဓိပ္ပာယ်အားဖြင့်လည်း ပြည့်ဝသော၊ ပြည့်ဖြိုးသော ဟုဆိုသဖြင့် ပေါင်းစည်းခြင်း အနက်ပင်ဖြစ်သည်။ ပေါင်းစည်းခြင်းသည် ဝသောအဖြစ်၊ ပြည့်ဖြိုးသောအဖြစ်ကို ရောက်စေပါသည်။

ဤတွင် ဝဖီး၊ ဝဖိုင့်၊ ဝဖြိုး၊ ဝတုတ်တို့သည် ခန္ဓာကိုယ်ဖွံ့ဖြိုးသည့် အနက်ကို ဖော်ပြပါသည်။ ကြွယ်ဝ၊ ပြည့်ဝ၊ ဝပြော၊ ဝလင် စသည်တို့သည် ပစ္စည်းဥစ္စာပေါများပြည့်စုံသည့်အနက်ကို ဖော်ပြပါသည်။ ခန္ဓာကိုယ်ဖွံ့ဖြိုးသည့်အနက်၊ ပစ္စည်းဥစ္စာပေါများပြည့်စုံသည့်အနက် နှစ်နက်စလုံးပင်ပေါင်းစည်းခြင်းအနက်ဖြစ်ပါသည်။

ထမင်းဝသည်၊ ထမင်းဝပြီ စသည်ပြောဆိုကြသည်မှာစားသော ထမင်းသည် စားသူ၏ ဝမ်းဗိုက်နှင့်ပေါင်းစည်းမိသည်၊ ပေါင်းစည်းမိပြီဟူသော အဓိပ္ပာယ်ဖြစ်သည်။ ဝတ္ထုဒြပ် ပေါင်းစည်းမိခြင်းဖြစ်သည်။ အိပ်ရေးဝသည်၊ ပြောလို့ဝပြီ စသည်တို့မှ ဝ၏ အဓိပ္ပာယ်မှာလည်း တကယ်တမ်း ဝမ်းဝသည်၊ ဗိုက်ဝသည်ကဲ့သို့ မဟုတ်ဘဲ အိပ်ရသည်ကို တင်းတိမ်ကျေနပ်သည်၊ ပြောရသည်ကို တင်းတိမ်ကျေနပ်သည်ဟု ဆိုလိုသည်။အိပ်ခြင်းနှင့် အိပ်လိုသည့်အချိန် ကိုက်ညီပေါင်းစည်းမိခြင်း၊ ပြောရခြင်းနှင့် ပြောလိုသည့် အလိုဆန္ဒ ကိုက်ညီပေါင်းစည်းမိခြင်းပင် ဖြစ်သည်။

ဝ၏အနက်ကို ဝ၏တိုင်သံများဖြစ်သော ဝက်၊ ဝတ်၊ ဝပ် တို့၏ အနက်နှင့် ဆက်စပ်လေ့လာသင့်ပေသည်။ (ဝ၏ တိုင်သံများဖြစ်သော **ဝက်**၊ **ဝတ်**၊ **ဝပ်**တို့ကို ယောဒေသိယအသံ၊ ရခိုင်ဒေသိယအသံအတိုင်း ရွတ်ဆိုသင့်ပါသည်။)

**ဝက်**၏အနက်ကို လေ့လာသင့်ပါသည်။ ထိုသတ္တဝါကို အဘယ်ကြောင့် ဝက်ဟု ခေါ်ပါသနည်း။ အဖြေမှာ ဝသောကြောင့် ဝက်ဟု ခေါ်ခြင်းဖြစ်ပါသည်။ အဘယ်ကြောင့် ဝသနည်း။ ထိုသတ္တဝါသည် အဆီများ ပေါင်းစည်းနေသောကြောင့် ဝပါသည်။ ဝနေသောသတ္တဝါ ဖြစ်၍ ဝက်ဟု ခေါ်ခြင်း ဖြစ်ပါသည်။ (ဝက်=ဝ့ါက်)။ မြန်မာအဘိဓာန်တွင် ဝက်ကို “အဆီများ၍ အခေါက်ထူသော ခြေလေးချောင်း နို့တိုက်သတ္တဝါ တစ်မျိုး” ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။

**ဝတ်** သည်လည်း ဝ၏တိုင်သံတစ်မျိုးဖြစ်သည်။ **ဝတ်**၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် “ကိုယ်၌ အဝတ်ဆင်ယင်သည်။ အဆင်တန်ဆာ ဆင်ယင်သည်”ဟူ၍ ဖွင့်ဆိုထားပါသည်။ ဤ၌ ဆင်ယင်သည်ဆိုသည်မှာ ဆက်စပ်ခြင်းပင်ဖြစ်သည်။ (ဆက် = ဆင်) အဝတ်အစား၊ အဆင်တန်ဆာ ဆင်ယင်သည်ဆိုသည့် အဝတ်အစား၊ အဆင်တန်ဆာကို ကိုယ်နှင့်ဆက်စပ်ခြင်းပင်ဖြစ်၍ ပေါင်းစည်းနက်ပင် ဖြစ်သည်။

ဝ၏ တိုင်သံတစ်လုံးမှာ **ဝပ်**ဖြစ်သည်။ **ဝပ်**ကို မြန်မာအဘိဓာန်တွင် “**ဝပ်**၊ ကြိ-၁၊ ကိုယ်ကို ကျုံ့ကျုံ့မှောက်လျက် အခင်းပြင်နှင့်နီးကပ်အောင် ပြုသည်။ ၂၊ ကြောက်ရွံ့၍ သိုသိပ်စွာနေသည်။ ၃၊ ထကြွလှုပ်ရှားမှု ငြိမ်သက်တန့်ရပ်သည်။ ၄၊ ကြက်၊ ငှက် စသည်တို့ ဥပေါ်တွင် ငြိမ်သက်စွာနေသည်။ ၅၊ ချိုင့်စသည်တွင် ရေတင်နေသည်”ဟု အဓိပ္ပာယ် ဖွင့်ထားပါသည်။ အဓိပ္ပာယ်အားလုံးသည် အပေါ်ပိုင်းကိုယ်လုံး၊ အရာဝတ္ထုနှင့် အောက်ပိုင်း အခံတို့ ဆက်စပ်ပေါင်းစည်းကြသည်ချည်း ဖြစ်၍ အားလုံးပေါင်းစည်းနက်ထင်ရှားသည်။

ချုပ်၍ဆိုရသော် ဝ ၏ အနက်လည်း ပေါင်းစည်းခြင်းပင်ဖြစ်သည်။

### သ

**သ**၏အနက်လည်း “ပေါင်းစည်းခြင်း” ပင်ဖြစ်သည်။ **သ**၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် “**သ**၊ ကြိ- ၁၊ မွမ်းမံပြင်ဆင်သည်။ ၂၊ ခေး၊ လုံစသည်ကို ပြန်လည်ပြုပြင်သည်။” ဟု ဖွင့်ပြထားပါသည်။

ဤတွင် မွမ်းမံပြင်ဆင်သည်ဆိုသည်မှာ ပိုမိုကောင်းမွန်အောင် လုပ်သည်။ ပိုမိုလှပအောင် လုပ်သည်ကို ဆိုလိုသည်။ ဤသူငယ်သည် တစ်မနက်လုံး သူ့ကိုယ်သူ **သ**နေသည်ဆိုသည်မှာ တစ်မနက်လုံး သူ့ကိုယ်သူ မွမ်းမံပြင်ဆင်နေသည်ဟု ဆိုလိုပါသည်။ အမောက်ကလေး တသသနှင့်ဟု ဆိုသည်မှာ အမောက်ကလေး မတိမ်းမစောင်းအောင်၊ မပြားအောင် ဂရုတစိုက်နှင့် ပြုပြင်နေသည်ကို ဖော်ညွှန်းသည်။

ခေး**သ**သည်၊ လုံ**သ**သည် ဆိုသည်မှာ အသွားမထက်တော့သော၊ အသွားပေလိပ်နေသော ခေး၊ လုံကို အသွားထက်မြက်အောင် ပြုပြင်မွမ်းမံသည်ဟုဆိုလိုသည်။

ဤတွင် **သ**သည်၏ အဓိပ္ပာယ်ကို **သ**၏တိုင်သံဖြစ်သော **သပ်**နှင့် အနက်ဆက်နွှယ် ဖော်ထုတ်သင့်ပါသည်။ **သပ်**၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် “ကြိ-၁၊ လက်ဖြင့်အသာအယာဖိ၍ ပွတ်တိုက်သည်။ ၂၊တစ်စုံတစ်ရာ၏ အပေါ်ယံကို ချောမွတ်အောင် ထက်သောအသွားဖြင့် ပွတ်ဆွဲသည်”ဟု ဖွင့်ဆိုထားပါသည်။ ခေး**သ**သည် ဆိုသည်မှာ ခေးအသွားထက်အောင် သပ်သည့်သဘော၊ လုံ**သ**သည် ဆိုသည်မှာ လုံအသွားထက်အောင် သပ်သည့်သဘောဖြစ်သည်။ **သပ်**၏အနက်သည် ပေါင်းစည်းသည့် အနက်ဖြစ်သည်။ ပွတ်**သပ်**သည်၊ အချော**သပ်**သည်၊ စမ်း**သပ်**သည် စသည်တို့မှ **သပ်** ၏ အနက်သည် တစ်ခုနှင့် တစ်ခု ထိတွေ့ဆက်စပ် ပေါင်းစည်းသည့် အနက်ဖြစ်သည်။

**သ** ကို မြန်မာအဘိဓာန်တွင် ပစ္စည်းအဖြစ်လည်း အဓိပ္ပာယ်ဖွင့်ထားပါသည်။ “ကြိယာ၏အနက်ကို လေးနက်စေသော စကားလုံး” ဟုဆိုပါသည်။ ကု**သ**၊ ပို့**သ**၊ ပိုင်**သ** ဟူသော ဝေါဟာရတို့ကိုအကိုးသာဓက ပြထားပါသည်။ ဤ၌လည်း **သ**၏ အနက်ကို **သ**၏ တိုင်သံပင် ဖြစ်သော သက်၏အနက်နှင့် ဆက်စပ်ဆင်ခြင်သင့်ပေသည်။ **သက်**ကို မြန်မာအဘိဓာန်က “ဆင်းသည်၊ ဆိုက်ရောက်သည်” ဟု အဓိပ္ပာယ် ဖွင့်ထားပါသည်။ စင်စစ်အားဖြင့် သက်နှင့် ဆက် အနက်ရင်းတူသည်ကို ထည့်သွင်းစဉ်းစားရပေမည်။ ထိုအခါ **သ**သည် **သက်**နှင့်လည်းကောင်း၊ ဆက်နှင့်လည်းကောင်း အနက်တူသည်ကိုတွေ့ရသည်။ **ဆက်**ကို မြန်မာအဘိဓာန်တွင် ကြိယာအဖြစ် “၁၊ တစ်ခုနှင့်တစ်ခု ပူးစပ်သည်။ ၂၊ ယင်းသို့ ပူးစပ်စေသည်။ ၃၊ ဆက်သွယ်သည်။ ၄၊ မြင့်မြတ်သူအားပေးသည်။ ၅၊ ရှေ့သို့တိုး၍ ပြုလုပ်ဆောင်ရွက်သည်” ဟု အဓိပ္ပာယ်ဖွင့်ပြထားပါသည်။ ထိုတွင် **ဆက်**၏ အနက်တစ်ခုမှာ**ပေး**ဖြစ်သည်။ ထို့ကြောင့်လည်း **ဆက်**နှင့် **ပေး**အနက်တူတွဲ၍ ပေးဆက်သည်ဟု သုံးနှုန်းကြသည်။ ထို့အတူ **ဆက်**နှင့် **သ**အနက်တူတွဲ၍ ဆက်သဟုလည်း သုံးနှုန်းကြသည်။ **သ**တစ်လုံးတည်းကိုလည်း ပေးသည့်အနက်ဖြင့် အသုံးပြုကြသည်။ စာလွှာ**သ**သည်၊ သဝဏ်စာ**သ**သည်၊ လက်ဆောင်**သ**သည်၊ပဏ္ဏာ**သ**သည်တို့မှ **သ**၏အနက်မှာ **ပေး**ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံသင်တန်းကျောင်း၌ ကျောင်းအုပ်ဆရာမကြီးနှင့်အတူနေ ဆရာမတစ်ဦးကို သတ်ဖြတ်လုယက်မှုကျူးလွန်သူ အမျိုးသားတစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

ယနေ့နံနက် ၄ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွှေချီရပ်ကွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ သင်တန်းကျောင်းဝင်း အတွင်းရှိ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းရီ ၆၁ နှစ် (ဘ) ဦးညွန့်မောင်၏ နေအိမ်၌ အဆိုပါကျောင်းတွင် တက်ရောက်နေသည့် ဒုတိယနှစ်ကျောင်းသားဖြစ်သူ မျိုးမင်းသူ ၁၉ နှစ်သည် နေအိမ်အတွင်းဝင်ရောက်၍ ဆရာမကြီး ဒေါ်ဝင်းရီနှင့်အတူနေ ကျောင်းဆရာမ ဒေါ်အွန်စော ၂၂ နှစ်(ဘ)ဦးကျော်စွာထွန်းတို့ကို ခေးဖြင့် ထိုးခုတ်၍ နေအိမ်အတွင်းရှိ စိန်တစ်လုံးပါ တစ်မတ်သားလက်စွပ်တစ်ကွင်း ကာလတန်ဖိုး ၂၄ သိန်းကျပ်ခန့်နှင့်ငွေကျပ် ၁၂ သိန်းခွဲတို့ကို လုယက်ယူဆောင်ထွက်ပြေးသွားသဖြင့် ဆရာမကြီး ဒေါ်ဝင်းရီတွင် ခေးဒဏ်ရာများရရှိခဲ့ပြီး ဆရာမ ဒေါ်အွန်စောတွင် ခေးဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သဖြင့် ပျဉ်းမနားမြို့မရဲစခန်း (ပ)၃၅၇/၂၀၂၄ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂/၃၉၄ ဖြင့် အမှုရေးဖွင့်၍ ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ ယနေ့နံနက် ၁၀ နာရီ ၅ မိနစ်တွင် ပျဉ်းမနားမြို့နယ် ဘောဂဝတီရပ်ကွက် ဘောဂသီရိကားဝင်းရှိ နေပြည်တော်မှ ရန်ကုန်သို့ ထွက်ခွာမည့် “နေကြယ်မင်း” ခရီးသည်တင်ယာဉ်ပေါ်မှ သတ်ဖြတ်လုယက်မှုကျူးလွန်သူ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဇေယျာဝတီမြို့ မြို့မ(၁)ရပ်ကွက်နေ တရားခံ မျိုးမင်းသူ ၁၉ နှစ် (ဘ) ဦးမြင့်နိုင်ကို ပြစ်မှုကျူးလွန်ရာမှ လုယက်ယူဆောင်လာသည့် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ မျိုးမင်းသူကို စစ်ဆေးပေါ်ပေါက်ချက်အရ ၎င်းသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံသင်တန်းကျောင်း၌ ကျောင်းတက်နေသည့် ဒုတိယနှစ်ကျောင်းသားတစ်ဦးဖြစ်ပြီး ငွေကြေးအခက်အခဲများရှိနေခြင်း၊ ကျောင်းအုပ်ဆရာမကြီးက စိုက်ကွင်းများတွင် သင်ခန်းစာလက်တွေ့လုပ်ခိုင်းသည်ကို မကျေနပ်သဖြင့် သတ်ဖြတ်လုယက်ရန် နေအိမ်အတွင်းသို့ ဝင်ရောက်ကာ ကျောင်းအုပ်ဆရာမကြီးဒေါ်ဝင်းရီနှင့် ဆရာမ ဒေါ်အွန်စောတို့ကိုခေးဖြင့်ထိုးခုတ်၍ နေအိမ်အတွင်းရှိ စိန်တစ်လုံးပါ တစ်မတ်သားလက်စွပ်တစ်ကွင်း ကာလတန်ဖိုး ၂၄ သိန်းကျပ်ခန့်နှင့် ငွေကျပ် ၁၂ သိန်းခွဲတို့ကို လုယက်ယူဆောင်ထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင်နေအိမ်အတွင်း ဝင်ရောက်၍ ကျောင်းဆရာမနှစ်ဦးကို သတ်ဖြတ်လုယက်မှုကျူးလွန်ခဲ့သူ မျိုးမင်းသူကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒုစရိုက်မှုကို မလိုလားသည့် တာဝန်သိပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး တရားခံ မျိုးမင်းသူကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)



ပျဉ်းမနားမြို့နယ်ရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံသင်တန်းကျောင်း၌ ကျောင်းအုပ်ဆရာမကြီးနှင့်အတူနေ ဆရာမတစ်ဦးကို သတ်ဖြတ်လုယက်မှုကျူးလွန်သူ တရားခံအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

❖ ရှမ်းယူနိုက်တက်အသင်းမှ

တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက အဓိက ကစားသမားအစုံအလင်ဖြင့်ပွဲထွက်လာခဲ့ပြီး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၁၂ မိနစ်တွင် မက်သရူးပေါ်တိုက တိုင်နန်စီးတီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၄၂ မိနစ်တွင် ဟိန်းဖြိုးဝင်း၏ဖန်တီးပေးမှုမှတစ်ဆင့် စအောင်ပြည့်ကိုက ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း အပြန်အလှန်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၇၁မိနစ်တွင် မြတ်ကောင်းခန့်၏ ဖန်တီးပေးမှုမှတစ်ဆင့် ရဲရင့်အောင်က ရှမ်းယူနိုက် တက်အသင်းအတွက် ဦးဆောင်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၈၇မိနစ်တွင် ကင်ဆန်ဂျုန်က တိုင်နန်စီးတီးအသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

AFC Challenge League 2024ပြိုင်ပွဲ အုပ်စု(D)အုပ်စုပွဲစဉ်များပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက တစ်ပွဲနိုင် တစ်ပွဲသရေ ရမှတ် လေးမှတ် ဂိုးကွာခြားချက်အသာဖြင့် အုပ်စုပထမနေရာမှ ကွာတားဖိုင်နယ် အဆင့်တက်ရောက်နိုင်ခဲ့ကာ တိုင်နန်စီးတီးအသင်းကလည်း ရမှတ် လေးမှတ် အုပ်စုဒုတိယဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြကြောင်း သိရသည်။ **STA**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များထောက်ပံ့ပေးအပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ပွဲကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

အလားတူ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌လည်း ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခြင်း ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက "မြန်မာ့ကျောင်း"သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းတက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

၎င်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ "ဇာတိမာန်" သီချင်းဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက် ရှင်အရဟံ နေဝင်သိမ်တောင်ကျောင်းတိုက်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါ ကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၀၅ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၆၁ ပါးနှင့် ဒေသခံပြည်သူ ၁၀၃ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ မီးယပ်ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ရန်လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော် ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်း ဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) သာသနာ့ဝန်ထမ်းများ။
- (ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
- (ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

- (က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
- (ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
- (ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
- (ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

  **မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
- (င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
- (စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
- (ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
- (ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ပြီး ဒေသခံပြည်သူများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မဟုတ်မမှန်လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂

ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ပြီး ဒေသခံပြည်သူများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိသည်။

ဖြစ်စဉ်အမှန်မှာ ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သည့် ကျီစု၊ ကျောက်တိုင်၊ ဝက်တိုးရွာတို့ရှိ ဘုန်းကြီးကျောင်းများမှ သံဃာတော်များအား PDF အမည်ခံ အကြမ်းဖက်သမားများက နှင်ထုတ်၍ သာသနာ့နယ်မြေဖြစ်သော ကျောင်းဝင်းအတွင်းနှင့် စာသင်ကျောင်းများ၌ခိုအောင်းစခန်းချကာ လက်လုပ်သေနတ်များ၊လက်လုပ်စိန်ပြောင်းများနှင့် လက်လုပ်မိုင်းမျိုးစုံတို့ကို ပြုလုပ်နေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါရွာများအတွင်း PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားခဲ့သည့်မိုင်းများ၊ ဘာသာရေးအဆောက်အအုံများနှင့် စာသင်ကျောင်းများအတွင်း ကင်းစောင့်ခဲ့သည့်နေရာများ၊ဘန်ကာ၊ပစ်ကတုတ်များ၊လက်လုပ်သေနတ်၊စိန်ပြောင်း၊မိုင်းများနှင့် လက်လုပ်များပြုလုပ်ရာတွင်သုံးသည့် လက်သုံးကိရိယာမျိုးစုံတို့ကို ဖော်ထုတ်သိမ်းဆည်းရရှိခဲ့သည်။

ထိုသို့ ရပ်ကွက်၊ ကျေးရွာများအတွင်း အကြမ်းဖက်သမားများ ခိုအောင်းမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိပြီး အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ပြည်သူများသိရှိစေရန် သတင်းထုတ်ပြန်အပ်ပါသည်။ (ဂ၁ဝ)











အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရရှိခဲ့သည့် လက်လုပ်သေနတ်များ၊ လက်လုပ်စိန်ပြောင်းများ၊ လက်လုပ်မိုင်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။





အကြမ်းဖက်သမားများ ခိုအောင်း စခန်းချခဲ့သည့် ဘုန်းတော်ကြီး ကျောင်းများနှင့် စာသင်ကျောင်း နေရာများကို တွေ့ရစဉ်။

လက်လုပ် သေနတ်များ၊ လက်လုပ် စိန်ပြောင်းများ၊ လက်လုပ်မိုင်းများ သိမ်းဆည်းထားသည့် နေရာများကို တွေ့ရစဉ်။





## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

## ဝင်ရိုးစွန်းတွင်နေထိုင်ကျက်စားသော ပိုလာဝက်ဝံများ ဆောင်းခိုရာသီအတွက် ပြင်ဆင်မှုများစတင်နေပြီဖြစ်



**အော့တဝါ နိုဝင်ဘာ ၂**

ဝင်ရိုးစွန်းတွင် နေထိုင်ကျက်စားသောပိုလာဝက်ဝံများ ဆောင်းခိုရာသီအတွက် ပြင်ဆင်မှုများ စတင်နေပြီဖြစ်ကြောင်း ယနေ့ သတင်းများအရ သိရသည်။

နှစ်စဉ်နှစ်တိုင်း အောက်တိုဘာ ၂၇ ရက်မှ ယနေ့ထိကို ပိုလာဝက်ဝံများ ၎င်းတို့နေထိုင်ရာဒေသများတွင် ဆောင်းခိုရန်ပြင်ဆင်မှုများ စတင်နေကြပြီဖြစ်ကြောင်း၊ အဆိုပါအချိန်ကို ပိုလာဝက်ဝံများ ရွှေ့ပြောင်းရေးရက်သတ္တပတ်အဖြစ် ကနေဒါအခြေစိုက် Polar Bears International (PBI)က သတ်မှတ်ပေးထားကြောင်း သိရသည်။

ပိုလာဝက်ဝံများသည် ၎င်းတို့ ရှာဖွေရရှိသော အစာများကို သိုလှောင်ကာ ဆောင်းခိုကြရန် ပြင်ဆင်နေပြီဖြစ်ပြီး ၎င်းတို့သည် ရေခဲထုထည်နည်းပါးသော နေရာများမှဆောင်းခိုရန်သင့်လျော်သော နေရာများသို့ ရွှေ့ပြောင်းနေကြကြောင်း PBI အဖွဲ့၏အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဇီဝဗေဒပညာရှင်နှင့် ထိန်းသိမ်းရေးပညာရှင် မက်ကောက ပြောကြားခဲ့သည်။

လက်ရှိမှာ ရာသီဥတုဖောက်ပြန်မှုများကြောင့် ပိုလာဝက်ဝံများ ကောင်ရေကျဆင်းကာ မျိုးသုဉ်းလုနီးပါးခြိမ်းခြောက်ခံစာရင်းဝင်ဖြစ်လာကြောင်း၊ ထို့ကြောင့် ပိုလာဝက်ဝံများသည် ပတ်ဝန်းကျင်ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေဖြစ်အောင် ၎င်းတို့၏ ဇီဝဖြစ်စဉ်များကို အလျင်အမြန်ပြောင်းလဲနေကြရသဖြင့် ၎င်းတို့ကို ထိန်းသိမ်းကာကွယ်သင့်ကြောင်း Polar Bears International (PBI) က ပြောကြားထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KZ**

## နယူးဒေလီမြို့တွင် ဒီပါဝလီပွဲတော်ကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေ

**ဘန်း နိုဝင်ဘာ ၂**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဟိန္ဒူလူမျိုးတို့၏ ရိုးရာဓလေ့အရ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၁ ရက်ထိ ကျင်းပခဲ့သော ဒီပါဝလီပွဲတော်အတွင်း မီးရှူးမီးပန်းများစွာအသုံးပြုခဲ့သည့်အတွက် နယူးဒေလီမြို့တွင် လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေကြောင်း ဆွစ်ဇာလန်နိုင်ငံအခြေစိုက် IQ Air အဖွဲ့အစည်းကထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဒီပါဝလီပွဲတော်ကာလမတိုင်မီကတည်းကမီးရှူးမီးပန်းများအသုံးပြုနေသောကြောင့် နယူးဒေလီမြို့တွင် လေထုညစ်ညမ်းမှုဖြစ်ပေါ်နိုင်ကြောင်း ကြိုတင်ခန့်မှန်းထားသည့်အတိုင်း မီးရှူးမီးပန်းများမှ ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုမှာ ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် အခြေအနေဖြစ်သည်ဟု IQ Air အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"နယူးဒေလီမှာ မီးရှူးမီးပန်းတွေကထွက်တဲ့ မီးခိုးငွေ့တွေကြောင့် လေထုညစ်ညမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ ဖြစ်ပေါ်နေတဲ့ လေထုညစ်ညမ်းမှု ညွှန်းကိန်း ၃၄၈ ထိ ရောက်ရှိနေပါတယ်။ ညွှန်းကိန်း သုည ကနေ ၅၀ အတွင်းသာ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အဆင့်ဖြစ်ပါတယ်။ အခုကအလွန်အကျွံမြင့်တက်နေပြီးတော့ ကျန်းမာရေးလုံခြုံမှုအရေးပေါ်အခြေအနေဖြစ်ပါတယ်" ဟု IQ Air အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

IQ Air အဖွဲ့အစည်း၏ တိုင်းတာချက်အရလေထုညစ်ညမ်းမှုပမာဏမှာ ညွှန်းကိန်းပမာဏ ၃၄၈ ထိရောက်ရှိနေပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ သတ်မှတ်ထားချက်အရ ကြက်သွေးရောင်အဆင့်ဖြစ်ပြီး ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်သည့်အဆင့်ဖြစ်ကြောင်း၊ လေထုညစ်ညမ်းမှုဖြစ်နေသည့်အတွက် နယူးဒေလီမြို့အတွင်း နေထိုင်သူများ အနေဖြင့် နေအိမ်များအတွင်း၌သာ နေထိုင်သင့်ကြောင်း IQ Air အဖွဲ့အစည်းက သတိပေးခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

## အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်တွင် လောင်ကျွမ်းနေသော တောမီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိနေ

**ဝါရှင်တန် နိုဝင်ဘာ ၂**

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် တောင်ဘက်ပိုင်းတွင် အောက်တိုဘာ ၃၁ ရက်မှစတင်၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးကိုအမြန်ဆုံးထိန်းချုပ်နိုင်ရန် ကြိုးစားနေသော်လည်း တောမီးလောင်ကျွမ်းမှုမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း နယူးဂျာစီမီးသတ်ဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် ကမ်ဘာလန်းကောင်တီဒေါင်းမြို့အနီးတွင် လောင်ကျွမ်းနေခြင်းဖြစ်ပြီး တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် အန္တရာယ်ရှိနိုင်သည့် ဒေါင်းမြို့ဝင်လမ်း၊ ထွက်လမ်းတချို့ကို ယာယီပိတ်ထားရကြောင်း၊ တောမီး စတင်လောင်ကျွမ်းခဲ့သည့် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၁ ရက်အတွင်း သစ်တောမြေဧက ၁၁၀ ကျော်လောင်ကျွမ်း ပျက်စီးနေပြီဖြစ်ကြောင်း သိရသည်။

"အောက်တိုဘာ ၃၁ ရက်ညကစတင်ပြီးတော့ ကမ်ဘာလန်းကောင်တီ ဒေါင်းမြို့အနီးမှာ တောမီးလောင်ကျွမ်းမှုစတင်ခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး ၂၄ နာရီအတွင်း သစ်တောမြေဧက ၁၁၀ ကျော်လောင်ကျွမ်းပျက်စီးခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေတဲ့ ဧရိယာအနီးမှာရှိတဲ့ လမ်းတွေကိုတော့ ယာယီပိတ်ထားပါတယ်။ တောမီးဟာ လမ်းမတွေဆီကို ကူးစက်လာနိုင်တဲ့အတွက်ဖြစ်ပါတယ်"ဟု နယူးဂျာစီ မီးသတ်ဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ပေးရာတွင်လည်း မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ကားများအပြင် ဘူဒိုဇာယာဉ်များဖြင့် တောမီးကိုကြိုးစားငြိမ်းသတ်ပေးနေသည်ဟု နယူးဂျာစီမီးသတ်ဦးစီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**



## ဩစတြေးလျနိုင်ငံရှိ ကမ်းခြေများ ကတ္တရာစေးအစိုင်အခဲများ သောင်တင်မှုကြောင့် ယာယီပိတ်ထားရ

**ကင်ဘာရာ နိုဝင်ဘာ ၂**

ဩစတြေးလျနိုင်ငံရှိ ကမ်းခြေများတွင် အောက်တိုဘာလနောက်ဆုံးပတ်အတွင်း ကတ္တရာစေးအစိုင်အခဲများ သောင်တင်မှုကြောင့် ကမ်းခြေများကိုယာယီပိတ်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ဩစတြေးလျနိုင်ငံ အာဏာပိုင်များက အဆိုပါကတ္တရာစေးအစိုင်အခဲများသည် ဘွန်ဒီကမ်းခြေအပါအဝင် နိုင်ငံတစ်ဝန်းရှိ အခြားကမ်းခြေများတွင် သောင်တင်နေကြောင်း၊ ရေနံစိမ်းယိုဖိတ်မှု၏ နောက်ဆက်တွဲအကျိုးဆက် ဖြစ်နိုင်ကြောင်း သုံးသပ်ထားသော်လည်း သေချာသည့်အဖြေရရန်စုံစမ်းစစ်ဆေးမှုများကို နိုဝင်ဘာ ၁ ရက်ကစပြုလုပ်နေကြောင်း သိရသည်။

အဆိုပါကတ္တရာစေးအစိုင်အခဲများသည် ဂေါက်ဘောလုံးအရွယ်အစားနီးပါးရှိကြောင်း၊ ကတ္တရာစေးအစိုင်အခဲများကို သန့်ရှင်းရေးပြုလုပ်နေပြီး သန့်ရှင်းရေးလုပ်ငန်းစဉ်မပြီးမချင်း ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

"ကတ္တရာစေးအစိုင်အခဲများ သောင်တင်မှုက အတော်လေးဆန်းကြယ်ပါတယ်။ ရေနံစိမ်းတွေ ပင်လယ်ထဲယိုဖိတ်တာကနေဖြစ်နိုင်ပါတယ်။ တိကျတဲ့အဖြေရဖို့တော့ စုံစမ်းနေတုန်းပါ" ဟု နယူးဆောက်ဝေးပြည်နယ် ဆစ်ဒနီတက္ကသိုလ်မှ ဓာတုဗေဒပါမောက္ခ ဝီလီယံ အလက်ဇန်းဒါးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KZ**

## နိုင်ဂျီးရီးယားနိုင်ငံ ပြည်နယ် ၃၄ ပြည်နယ်တွင် ယခုနှစ်အတွင်း ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၃၂၀ ဦးထိရှိခဲ့

**အဘူဂျာ နိုဝင်ဘာ ၂**

ယခုနှစ်အတွင်း နိုင်ဂျီးရီးယားနိုင်ငံတွင် ပြည်နယ် ၃၄ ပြည်နယ်ထိ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရပြီး ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၃၂၀ ဦးထိရှိခဲ့ကြောင်း နိုဝင်ဘာ ၁ ရက်တွင် နေရှင်နယ် စီးပွားရေးကောင်စီ (NEC)က ဦးဆောင်ကျင်းပသည့် အစည်းအဝေးပွဲတွင် ရေအရင်းအမြစ်နှင့် သန့်ရှင်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရသောဒေသခံ ဦးရေ ၇၄၀၇၄၃ ဦးထိရှိခဲ့ပြီး ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသော ပြည်သူဦးရေ ၁၃၇၄၅၅၇ ဦး၊ ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၈၅၄ ဦးရှိခဲ့ပြီး ပျက်စီးခဲ့သော လူနေအိမ်ပေါင်း ၂၈၁၀၀၀ နှင့် စိုက်ပျိုးမြေစုစုပေါင်း ဧက ၂၅၈၀၀၀ ထိရှိခဲ့ကြောင်း ရေအရင်းအမြစ်နှင့်သန့်ရှင်းရေးဝန်ကြီး ဂျိုးဆပ်က ပြောကြားခဲ့သည်။

"ရေကြီးရေလျှံမှုကြောင့် တစ်နှစ်အတွင်း ပျက်စီးဆုံးရှုံးမှုတွေများခဲ့ပါတယ်။ ရေအရင်းအမြစ်တွေနဲ့ပတ်သက်ပြီးတော့ ရေစီးရေလာတွေ ရေလှောင်တမံကျိုးပေါက်မှုတွေကိုစုံစမ်းစစ်ဆေးမှုတွေပြုလုပ်ခဲ့ပါတယ်။ ရေကြီးရေလျှံမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ ပြည်နယ်ပေါင်း ၃၄ ပြည်နယ်ထိရှိခဲ့ပါတယ်"ဟု ရေအရင်းအမြစ်နှင့် သန့်ရှင်းရေးဝန်ကြီး ဂျိုးဆပ်က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ရေကြည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ဧက ၄၆၀၀ စိုက်ပျိုးပြီးစီး



ကျုံပျော် နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံလျာထား ဧက ၄၆၀၀ အားလုံး စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံလျာထား ဧက ၄၆၀၀ ကို ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် သီးနှံစုံ ဧက၄၆၀၀ အားလုံးရာနှုန်းပြည့်စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း၊ အဆိုပါသီးနှံများ စိုက်ဧကပြည့်မီစိုက်ပျိုးနိုင်ရေး အသီးများအထွက်နှုန်းတိုးတက်ရေး၊ အရည်အသွေးကောင်းအသီးများ ထွက်ရှိလာစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ဆက်လက်ပေါင်းစပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံ စိုက်ပျိုးရာသီမှာ ရေကြည်မြို့နယ်အနေနဲ့ သီးနှံစုံ ဧက ၄၅၀၀ ကျော်ထိ စိုက်ပျိုးထားပါတယ်။ လက်ရှိ လျာထားဧကအားလုံး စိုက်ပျိုးထားပြီဖြစ်ပါတယ်။ သီးနှံတွေလျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးထားတဲ့အသီးအနှံတွေမှာ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်အသီးအနှံများ စိုက်ပျိုးနိုင်စေဖို့ နည်းပညာများနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေး လုပ်ငန်းတွေကို ကွင်းဆင်း ဆောင်ရွက်ပေးထားပါတယ်။ အခုနှစ် သီးနှံတွေကို ဒေသနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့ အသီးအနှံတွေကို အများဆုံးစိုက်ပျိုးထားပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ရေကြည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးသီးနှံစုံ ဧက ၄၆၀၀ စိုက်ပျိုးရာတွင် ပီလောပီနံ ၂၀၂၈ ဧက၊ ဖူးစားပြောင်း ၃၄၈ ဧက၊ မြေပဲ ၁၈ ဧက၊ နှမ်း သုံးဧက၊ ကွမ်း ၁၉၁ ဧက၊ နနွင်း ၄၃ ဧက၊ ငရုတ် ၂၅၈ ဧက၊ ကြံ ၁၇၁ ဧက၊ ဟင်းသီးဟင်း ရွက် ၁၁၁၅ ဧက၊ ပန်း ၁၉၉ ဧက၊ ပိန်း ၄၁ ဧက၊ နာနတ် ၁၈၅ ဧကဖြစ်ကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဇီးကုန်းမြို့နယ် ကရင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဇီးကုန်း နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကရင်ကုန်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများမှ ကရင်ကုန်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက ကရင်ကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များသို့ စီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၆၀ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များက ကရင်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ချေးငွေကျပ် ၁၃ ဒသမ ၆၀ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၃ ဦးကို ချေးငွေကျပ် ၂၉ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၈ ဦးကို သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂ ဒသမ ၆၀ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို

# ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၃၀၀၂ ဧက ရိတ်သိမ်းပြီးစီး

ရေဦး နိုဝင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးနှမ်း ၃၀၀၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် မိုးနှမ်း ၃၀၀၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၀၀၂ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ရေဦးမြို့နယ် ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန်မှာ မိုးနှမ်းဧက ၃၀၀၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ခင်းတွေအားလုံး အခု လက်ရှိအချိန်မှာတော့ ရာနှုန်းပြည့် ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်ကြပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့တယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ရေဦးမြို့နယ်တွင် မိုးနှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAPနည်းစနစ်များဖြင့်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများစိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။



GAPစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုပ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# ငဖဲမြို့နယ် ဝဂ်ဘာကျေးရွာ၌ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းစစ်ဆေး

ငဖဲ နိုဝင်ဘာ ၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် မင်းလွင်ကျေးရွာအုပ်စု ဝဂ်ဘာကျေးရွာတွင် မြေနီကျောက်စရစ်လမ်းခင်းခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဝဂ်ဘာကျေးရွာ၌ မြေနီကျောက်စရစ်လမ်း ခင်းခြင်းနှင့် Slab Culvert တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်မှာကြားခဲ့ပြီး ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝဂ်ဘာကျေးရွာ၌ အရှည်ပေ ၁၇၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် အလျား ၁၁ ပေ၊ အနံ ၁၈ ပေ၊ အမြင့် လေးပေ Slab Culvert တည်ဆောက်ခြင်းလုပ်ငန်းများကို VDP စီမံကိန်း ပံ့ပိုးငွေကျပ် သိန်း ၁၅၀ နှင့်ပြည်သူထည့်ဝင်ငွေကျပ် ၃၂ သိန်း စုစုပေါင်း ငွေကျပ် ၁၈၂ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ၁၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းဆောင်ရွက်မှုမှာ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဇင်မာ

# ရမည်းသင်းမြို့နယ် ချောင်းဖျားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်း

ရမည်းသင်း နိုဝင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းဖျားကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးပြည့်စုံဦးက ချောင်းဖျားကျေးရွာ၌ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးသွားမည်ဖြစ်ကြောင်း၊ ၎င်းစီမံကိန်းကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း အမှန်တကယ်ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ကော်မတီ ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ချောင်းဖျားကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲကျော်

# အိန္ဒိယနိုင်ငံ၏ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောသစ်တည်ဆောက်ရေးမျှော်မှန်းချက်အလားအလာ

နျူကလီးယားစွမ်းအင်သုံး တိုက်ခိုက်ရေး ရေငုပ်သင်္ဘောသစ်(SSN) နှစ်စီး တည်ဆောက်သွားမည့် အိန္ဒိယ၏ရည်မှန်းချက်သည် တရုတ်နိုင်ငံ၏ရေတပ်အင်အားတိုးချဲ့လာမှုကို ဟန်ချက်ထိန်းညှိရန်နှင့် အိန္ဒိယသမုဒ္ဒရာအတွင်း ၎င်း၏လွှမ်းမိုးမှုကို ကာကွယ်စောင့်ရှောက်သွားရန် နောက်ဆုံးလှုပ်ရှားဆောင်ရွက်မှုတစ်ခုပင်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံခန့်တန်ဖိုးရှိသော SSN အသစ် နှစ်စီး တည်ဆောက်သွားရန် အတည်ပြုထားပြီးဖြစ်သည်။ ၎င်းရေငုပ်သင်္ဘော နှစ်စီးသည် အလားတူရေငုပ်သင်္ဘောခြောက်စီး တည်ဆောက်သွားမည့်ကြီးမားသောစီမံကိန်း၏ တစ်စိတ်တစ်ဒေသဖြစ်သည့်အတွက် သမားရိုးကျပင်လယ်ရေကြောင်းဆိုင်ရာလွှမ်းမိုးမှုတွင် အိန္ဒိယ၏စွမ်းအားကိုမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

၎င်းရေငုပ်သင်္ဘောများကို Larsen နှင့် Toubro ကဲ့သို့သော အကြီးစားဆောက်လုပ်ရေးလုပ်ငန်းကြီးများပါဝင်မှုဖြင့် Visakhapatnam ရှိ အစိုးရ၏သင်္ဘောတည်ဆောက်ရေးဗဟိုဌာန၌ တည်ဆောက်သွားမည်ဖြစ်ပြီး ဒီဇယ်စွမ်းအင်သုံးသမားရိုးကျရေငုပ်သင်္ဘော(SSK) များနှင့် နှိုင်းယှဉ်လျှင် ရေအောက်တာဝန်များကို ပိုမိုလျင်မြန်ငြိမ်သက်စွာဖြင့် ကာလရှည်ကြာထမ်းဆောင်နိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံထံမှ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောများ ငှားရမ်းအသုံးပြုသည့်သမိုင်းကြောင်းရှိပြီး ပြည်တွင်းစစ်လက်နက်ပစ္စည်းစက်မှုလုပ်ငန်းမြှင့်တင်ရေးနှင့် ကိုယ်ပိုင်လက်နက်စနစ်များပိုမိုလုံလောက်မှုရှိရေးဆိုသည့် ပိုမိုကျယ်ပြန့်သောစီမံကိန်းများနှင့် လိုက်လျောညီထွေအကောင်အထည်ဖော်ဆောင်လျက်ရှိသည်။ ၎င်းတည်ဆောက်မှုသည် ၂၀၂၀ ပြည့်နှစ်တွင် ဟိမဝန္တာနယ်စပ်ဒေသ၌ တရုတ်နိုင်ငံနှင့်ထိပ်တိုက်ရင်ဆိုင်မှုဖြစ်ပွားပြီးနောက် တုံ့ပြန်ဆောင်ရွက်နိုင်မည့်ကြိုးပမ်းမှုတစ်ခုလည်းဖြစ်ဖွယ်ရာရှိသည်။

အသစ်တည်ဆောက်သော ရေငုပ်သင်္ဘောများသည် Arihant အတန်းအစား နျူကလီးယားပဲ့ထိန်းဒုံးကျည်တင်ရေငုပ်သင်္ဘော(SSBN)နှင့် မတူကွဲပြားခြားနားလျက်ရှိသည်။ SSBN သည် နျူကလီးယားလက်နက်များကိုပစ်ခတ်နိုင်စွမ်းရှိသည်။ Project 75 ဟုခေါ်ဆိုသည့် SSN များရရှိရေး အိန္ဒိယ၏စီမံကိန်းသည် အိန္ဒိယသမုဒ္ဒရာအတွင်း တရုတ်နိုင်ငံကို ဟန်ချက်ထိန်းညှိနိုင်ရန် ကြိုးပမ်းမှုဖြစ်သည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် အိန္ဒိယ၏ အနီးအနားဒေသတွင် အာဏာဖြန့်ကြက်လျက်ရှိသည်။ အိန္ဒိယ၏ လက်ရှိရေငုပ်သင်္ဘောအုပ်သည် တရုတ်နိုင်ငံကိုအမီလိုက်နိုင်ရေးအတွက် များစွာကြိုးပမ်းရဦးမည်ဖြစ်သည်။

အိန္ဒိယ၏ SSNs တည်ဆောက်ရေးရည်မှန်းချက်သည် ဒေသတွင်းခြိမ်းခြောက်မှုများမြင့်တက်နေစဉ် ပင်လယ်ရေကြောင်းဟန့်တားမှုနှင့် တိုက်ခိုက်ရေးစွမ်းဆောင်ရည်များမြှင့်တင်ရေးမဟာဗျူဟာမြောက်လိုအပ်ချက်မှထွက်ပေါ်လာခြင်းဖြစ်သည်။ သို့သော် လက်ရှိအချိန်ထိ ၎င်းရည်မှန်းချက်သည် နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်နေသဖြင့် ၂၀၁၅ ခုနှစ်တွင် အစိုးရအတည်ပြုချက်ရရှိခဲ့ပြီးနောက်ပိုင်း ဆယ်စုနှစ်တစ်ခုနီးပါးကြာမြင့်သည့်တိုင်အောင် အိန္ဒိယရေတပ်၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်စွမ်းမရှိသေးပေ။

SSN များသည် SSK များနှင့် နှိုင်းယှဉ်ပါက ဝေးကွာသောနေရာအထိသွားလာနိုင်ခြင်း၊ ကာလရှည်ကြာတာဝန်ထမ်းဆောင်နိုင်ခြင်းနှင့် မြန်နှုန်းပိုမိုမြင့်မားခြင်းတို့ကြောင့် ခံစစ်နှင့်ထိုးစစ် နှစ်မျိုးစလုံးအတွက် ပိုမိုထိရောက်စွာအသုံးပြုနိုင်သည်။ SSN များသည် လေယာဉ်တင်သင်္ဘောတိုက်ခိုက်ရေးအဖွဲ့ကိုကာကွယ်နိုင်ခြင်း၊ SSBN များကို အစောင့်လိုက်နိုင်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာရေပိုင်နက်များတွင် ရန်သူ့ရေယာဉ်များကို ခြေရာခံနိုင်စွမ်းရှိသည်။



သို့သော် သက်တမ်းရင့် SSK များနှင့်ဖွဲ့စည်းထားသော အိန္ဒိယ၏လက်ရှိရေငုပ်သင်္ဘောအုပ်စုသည် တရုတ်နိုင်ငံ၏အင်အားကြီးထွားလာသောရေတပ်စွမ်းအားနှင့် ပင်လယ်ရေကြောင်းမဟာဗျူဟာတို့ကိုဟန်ချက်ထိန်းညှိရန်လိုအပ်ချက်ရှိနေဆဲပင်ဖြစ်သည်။ ရှိရင်းစွဲ SSK ၁၈ စီးနေရာတွင် ပြည်တွင်းထုတ် SSN ခြောက်စီးနှင့်အစားထိုးနိုင်ရန် ကြိုးပမ်းနေသော အိန္ဒိယ၏ပြန်လည်ဆန်းသစ်ထားသည့် နှစ် ၃၀ စီမံကိန်းသည် ဗျူရိုကရက်တစ်စနစ်၊ ဘတ်ဂျက်ကန့်သတ်ချက်များနှင့် ပြည်ပပူးပေါင်းဆောင်ရွက်မှုအပေါ် မှီခိုနေရခြင်းတို့ကြောင့် တိုးတက်မှုနှေးကွေးလျက်ရှိသည်။

အိန္ဒိယနိုင်ငံအနေဖြင့် အချိန်မီရင်းနှီးမြှုပ်နှံမှုနှင့် SSN များ လျင်မြန်စွာတည်ဆောက်မှုမရှိလျှင် အင်ဒို-ပစိဖိတ်ပင်လယ်ရေကြောင်း ပြောင်းလဲတိုးတက်မှုတွင် နောက်ကျကျန်ရစ်နေမည်ဖြစ်သည့်အတွက် ဒေသတွင်းလုံခြုံမှုနှင့် ဟန့်တားမှုရပ်တည်ချက်တို့ကိုချည့်နဲ့လာစေမည်ဖြစ်သည်။

အိန္ဒိယ၏စီမံကိန်းရေးဆွဲထားသော SSN အမျိုးအစားသတ်မှတ်ချက်သည် လက်ရှိအချိန်ထိ မရေမရာဖြစ်နေပြီး ရေငုပ်သင်္ဘောအတန်းအစားကို ပင်လျှင် သတ်မှတ်ပြီးဖွယ်ရာမရှိသေးပေ။ သို့သော် အိန္ဒိယကာကွယ်ရေးသုတေသနအဖွဲ့(IDRW) ကမူ အိန္ဒိယ၏ SSN များသည် ဝန်ပြည့်တန်ချိန် ၆၀၀၀ ရှိပြီး အမျိုးမျိုးသောစစ်ဆင်ရေးများကိုအထောက်အကူပြုနိုင်ရန်အတွက် အဆင့်မြင့်ပစ်မှတ်ရှာစနစ်များနှင့် လက်နက်အမျိုးမျိုးတပ်ဆင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါစစ်ဆင်ရေးများတွင် ရေငုပ်သင်္ဘောတိုက်ဖျက်မှုစစ်ဆင်ရေး၊ ရေပြင်စစ်ဆင်ရေး၊ တိုက်ခိုက်ရေးမစ်ရှင်များ၊ အထူးစစ်ဆင်ရေးများ၊ မိုင်းစစ်ဆင်ရေး၊ ရေအောက်စစ်ဆင်ရေး၊ ထောက်လှမ်းခြင်း၊ စောင့်ကြည့်ခြင်းနှင့် ကင်းထောက်ခြင်း(ISR) တို့ပါဝင်သည်။

ကင်းလှည့်လေယာဉ်များနှင့် မောင်းသူမဲ့ယာဉ်များပေါင်းစပ်မှုသည် အိန္ဒိယ၏စောင့်ကြည့်မှုနှင့် တိကျသော တိုက်ခိုက်ရေးစွမ်းဆောင်ရည်များ မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း IDRW ကပြောကြားသွားခဲ့သည်။ ပြင်သစ်နိုင်ငံကဦးစွာတီထွင်ခဲ့သော တွန်းကန်အားစနစ်များကို အလေးထားသည့် ခေတ်မီတွန်းကန်နည်းပညာကိုရွေးချယ်ခြင်းသည် SSN အစီအစဉ်၏ အဓိကသော့ချက်ပင်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်ရှိ အိန္ဒိယ၏ Project Varsha ရေငုပ်သင်္ဘောအခြေစိုက်စခန်းသည် အိန္ဒိယသမုဒ္ဒရာအတွင်း ခံတပ်မဟာဗျူဟာအတွက် ဗဟိုချက်မဖြစ်ပေါ်လာဖွယ်ရာရှိသည်။ ၎င်းအခြေစိုက်စခန်းသည် ရေကြောင်းသွားလာမှုရှုပ်ထွေးသည့်ကာရစ်ဘီယန်ပင်လယ်အတွင်း ပါကစ္စတန်၊ တရုတ်တို့နှင့်ဖြစ်ပေါ်လာနိုင်သောပဋိပက္ခများတွင် ပိုမိုအသာစီးရရှိနိုင်ပြီး ဂြိုဟ်တုနှင့်လေယာဉ်များ၏ ခြေရာခံထောက်လှမ်းခံရခြင်းမရှိဘဲ အိန္ဒိယ၏ SSBN များကို ဝင်ရောက်ခွင့်ရရှိစေမည်ဖြစ်သည်။ အိန္ဒိယ SSN များသည် SSBN များစောင့်ကြပ်လိုက်ပါလျက် ဘင်္ဂလားပင်လယ်အော်တွင်တာဝန်ထမ်းဆောင်သွားမည်ဖြစ်သည့်အတွက် ဘေးကင်းလုံခြုံသည့်နေရာမှနေ၍ ပါကစ္စတန်နှင့် တရုတ်တို့၏ ပစ်မှတ်များကို ရေငုပ်သင်္ဘောမှ ပစ်လွှတ်သော ပဲ့ထိန်းဒုံးကျည်(SLBM)များနှင့် ပစ်ခတ်နိုင်စွမ်းရှိစေမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် အိန္ဒိယသမုဒ္ဒရာအတွင်း ပါကစ္စတန်နှင့်တရုတ်တို့ထံမှ အလားအလာရှိသော ခြိမ်းခြောက်မှုများကိုဟန့်တားနိုင်ရေး ၎င်း၏ရေတပ်စွမ်းဆောင်ရည်များမြှင့်တင်ရန် တတိယမြောက်လေယာဉ်တင်သင်္ဘော တည်ဆောက်ရေးအတွက်လည်း စီမံကိန်းများရေးဆွဲထားရှိသည်။

အဆိုပါစီမံကိန်းသည် အိန္ဒိယနိုင်ငံအနေဖြင့် လေယာဉ်တင်သင်္ဘောနှစ်စီးဖြင့် ပင်လယ်ရေကြောင်းလုံခြုံရေးဆက်လက်ဆောင်ရွက်ပြီး ကျန်တစ်စီးကို ပြုပြင်ထိန်းသိမ်းမှုလုပ်ဆောင်နိုင်ရန် ရည်မှန်းထားရှိသည်။

အိန္ဒိယရေတပ်၏ ရေငုပ်သင်္ဘောဗဟိုပြုချဉ်းကပ်မှုသည် ပင်လယ်ပြင်ထိန်းချုပ်ရန်နှင့် တရုတ်၊ ပါကစ္စတန်တို့နှင့်စပ်လျဉ်းသည့်မဟာဗျူဟာများကိုငြင်းဆိုနိုင်ရန် အလေးထားလျက်ရှိသည်။ သို့သော် ၎င်းချဉ်းကပ်မှုသည် ရန်ပုံငွေ၊ နည်းပညာအဟန့်အတားနှင့် အဆင့်မြင့်လေ့ကျင့်ရေးအဆောက်အအုံလိုအပ်ချက်များအပါအဝင် စိန်ခေါ်မှုများစွာနှင့်ရင်ဆိုင်ရလျက်ရှိသည်။ အိန္ဒိယ၏ SSN ရည်မှန်းချက်များရှိနေသော်လည်း ၎င်းရေငုပ်သင်္ဘောများသည် ၂၀၃၀ ပြည့်နှစ်ထိတည်ဆောက်ပြီးဖွယ်ရာမရှိသေးပေ။ ထိုအချိန်တွင် အိန္ဒိယသမုဒ္ဒရာတွင် တရုတ်နိုင်ငံ၏အင်အားကြီးထွားလာမှုနှင့် ရေတပ်အင်အားကိုကျော်လွှားရန် အခက်အခဲဖြစ်ပေါ်နေဖွယ်ရာရှိနေသည်။

တရုတ်၏စစ်အင်အားနှင့်စပ်လျဉ်း၍ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် အစီရင်ခံစာ၌ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်(PLAN)သည် အရေအတွက်အားဖြင့် ကမ္ဘာ့အကြီးမားဆုံးရေတပ်ဖြစ်လာပြီဖြစ်ကြောင်း၊ စစ်ရေယာဉ်နှင့် ရေငုပ်သင်္ဘောအစီးရေ ၃၇၀ ရှိပြီးအစီးရေ၁၄၀သည်အကြီးစားတိုက်ခိုက်ရေးသင်္ဘောများဖြစ်ကြောင်း၊ PLAN အနေဖြင့် ၂၀၂၅ ခုနှစ်တွင် စစ်ရေယာဉ် အစီးရေ ၃၉၀ နှင့် ၂၀၃၀ ပြည့်နှစ်တွင် ၄၃၅ စီးအထိရှိလာရန်မျှော်မှန်းထားရှိပြီး အထူးသဖြင့် တိုက်ခိုက်ရေးသင်္ဘောများဖြစ်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် အိန္ဒိယသမုဒ္ဒရာအတွင်း စစ်အင်အားဖြန့်ကြက်မှု တိုးချဲ့လာလျက်ရှိသောကြောင့် အိန္ဒိယနိုင်ငံအနေဖြင့် ဝိုင်းပတ်ပိတ်ဆို့ခံရမည်ကိုစိုးရိမ်ပူပန်လျက်ရှိသည်။ တရုတ်နိုင်ငံသည် အိန္ဒိယသမုဒ္ဒရာအတွင်းသို့ ဂျီဘူတီရှိ ၎င်း၏အခြေစိုက်စခန်းမှ စစ်ရေယာဉ်များစေလွှတ်နိုင်ပြီး သီရိလင်္ကာနှင့် စစ်အခြေစိုက်စခန်းသဘောတူညီချက်ရရှိအောင်ကြိုးပမ်းလျက်ရှိသည်။ ပါကစ္စတန်ရှိ ဂွါတာဆိပ်ကမ်းနှင့် သီရိလင်္ကာရှိ ဟန်ဘန်တိုတာဆိပ်ကမ်းတို့၌ တရုတ်နိုင်ငံ၏အလားအလာရှိသော စစ်အခြေစိုက်စခန်းများသည် ဒေသတွင်း၌ ၎င်း၏ရေတပ်ဖြန့်ကြက်မှုကိုတိုးမြှင့်သွားနိုင်မည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံအနေဖြင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းကြောင်းများလုံခြုံမှုနှင့် အိန္ဒိယသမုဒ္ဒရာအတွင်း ၎င်း၏ရပ်တည်ချက်မြှင့်တင်ရန် ရည်မှန်းလုပ်ဆောင်လျက်ရှိသောကြောင့် အိန္ဒိယနိုင်ငံအနေဖြင့်လည်း ဒေသတွင်း၌ အင်အားဟန်ချက်ထိန်းညှိနိုင်ရေးအတွက် ရေတပ်အင်အား ပိုမိုတိုးချဲ့ဖြန့်ကြက်နိုင်ရန် အလေးထားဆောင်ရွက်သွားရတော့မည်ဖြစ်ပေသည်။

**ကိုးကား**

**– Project 75 : India's new nuke subs aspire to outmatch China by Asia Times.**

**မောင်စိန်အိ(နဘဲမြေ)**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

# တစ်ကိုယ်ကောင်းစိတ်ထားခြင်းအကျိုး

ဟိုးရှေးရှေးတုန်းကပေါ့ကွယ်။ တောအုပ်ကြီးတစ်ခုရဲ့ ညောင်ပင်ကြီးတစ်ပင်မှာ ကြက်တူရွေးမောင်နှံနဲ့ ရှဉ့်မိသားစုတို့ နေထိုင်ကြသတဲ့။ သူတို့မိသားစုနှစ်စုဟာ အတူတကွ၊ ချစ်ချစ်ခင်ခင်နဲ့ ညောင်ပင်ကြီးကို အမှီသဟဲပြုပြီး နေထိုင်ကြတာပေါ့ကွယ်။ သူတို့နေတဲ့ညောင်ပင်ကြီးရဲ့ နံဘေးမှာ တောင်ပို့ကြီးတစ်ခုရှိတယ်။ အဲဒီတောင်ပို့ကြီးထဲမှာ မြွေကြီးတစ်ကောင်နေထိုင်သတဲ့ကွယ်။

မြွေကြီးက ကြက်တူရွေးမိသားစုနဲ့ ရှဉ့်မိသားစုကို မိတ်ဆွေဟန်ဆောင်ပြီး အချိန်တန်ရင် သူ့အတွက်စားစရာ သတ္တဝါလေးတွေလို့ ကြံစည်ကာနေသတဲ့။ သူတို့မိသားစုနှစ်ခုဟာ အချင်းချင်းစည်းလုံးကြသလို တစ်မိသားစုကိုတစ်မိသားစုက ကာကွယ်သတိပေးစကားပြောကြရင်း အတူတကွနေလာကြတာ အချိန်အကြာကြီးပေါ့ကွယ်။

မြွေကြီးဟာ သူ့အကြံအစည်ပျက်နေတာကြောင့် စိတ်ပျက်နေတာပေါ့ကွယ်။ တစ်နေ့မှာတော့ ကြက်တူရွေးအမမှာ သန္ဓေတည်လို့ ဥလေးတွေ စဥတာပေါ့။ ဥဥပြီး သားပေါက်ဖို့အတွက် ဝပ်နေတဲ့အချိန်ကစပြီး ကြက်တူရွေးအမမှာ အတွေးမှားတဲ့အကြံဆိုးကြီး ဝင်လာသတဲ့ကွယ်။ အဲဒါကတော့ ဒီညောင်ပင်ကြီးမှာ သူတို့မိသားစုပဲ နေချင်တဲ့ လောဘစိတ်ကလေးဝင်လာခဲ့တယ်။ ငါ့ကလေးတွေ မွေးလာရင် နေရာအကျယ်ကြီးလိုတယ်။ ငါတို့မျိုးဆက်တွေပဲ ဒီညောင်ပင်ကြီးမှာနေရမယ်။ ငါတို့အပိုင်ဖြစ်အောင် လုပ်ရမယ်လို့ မတော်လောဘစိတ်တွေ ပွားလာသတဲ့ကွယ်။

ရှဉ့်မိသားစုကိုလဲ အခေါ်အပြောမလုပ်တော့ဘဲ အမြဲလိုလို အပြစ်မရှိ အပြစ်ရှာပြီး ရန်လိုတော့တာပေါ့ကွယ်။ ကြက်တူရွေးအမက ခင်ပွန်း ကြက်တူရွေးကိုလဲ ရှဉ့်မိသားစုမကောင်းကြောင်း အမျိုးမျိုးကုန်းတိုက်ပြောဆိုဖို့ ကြံစည်တော့တာပေါ့ကွယ်။ ဒါကြောင့် ကြက်တူရွေးအဖိုကို အမျိုးမျိုးစကားလှည့်ပတ်ပြောပြီး ရှဉ့်မိသားစုကို ဒီညောင်ပင်ကြီးက ထွက်ခွာသွားအောင် ကြံစည်တာပေါ့။ အစပိုင်းမှာ ကြက်တူရွေးအဖိုက ကြက်တူရွေးအမစကား နားမယောင်ဘဲ နေထိုင်ပေမဲ့ နေ့တိုင်းပြောလာတာများလာတော့ ကြက်တူရွေးအမစကား နားယောင်ပြီး ကိုယ်တိုင်



လောဘစိတ်ကလေး ဝင်လာတော့တယ်။ ဒါကြောင့် ရှဉ့်မိသားစုကို ဒီညောင်ပင်မှာ မနေနိုင်အောင် အမျိုးမျိုး အကြောင်းမရှိအကြောင်းရှာပြီး ရန်လုပ်သတဲ့ကွယ်။

ရှဉ့်မိသားစုကတော့ အရင်ကရှိခဲ့ဖူးတဲ့ သံယောဇဉ်နဲ့ ခင်မင်မှုကြောင့် သူတို့ဘာပြောပြော သည်းခံရှာသတဲ့ကွယ်။ ဒါပေမဲ့ အချိန်ကြာလာတော့ သူတို့အတွက်လဲ အခက်အခဲကြုံလာရတာပေါ့။ သည်းမခံနိုင်တဲ့အဆုံးမှာ စကားများရန်မဖြစ်ဘဲ ညောင်ပင်ကြီးကနေ အခြားတစ်နေရာပြောင်းနေကြဖို့ ဆုံးဖြတ်လိုက်သတဲ့ကွယ်။ မလိုမုန်းထားမရှိ စိတ်ထားကောင်းတဲ့ ရှဉ့်မိသားစုဟာ အပြုံးမပျက်ဘဲ သူတို့ကို ဖော်ဖော်ရွေရွေနှုတ်ဆက်ပြီး အခြားတောထဲက အပင်ကြီးတစ်ပင်ဆီ အပြီးပြောင်းသွားသတဲ့ကွယ်။

ကြက်တူရွေးအမလဲ သူ့အကြံအောင်မြင်လို့ ပျော်နေတာပေါ့။ မကြာခင် ကြက်တူရွေးကလေးတွေလဲ ပေါက်လာတော့ ပျော်ရွှင်နေကြတာပေါ့ကွယ်။ ဒါပေမဲ့ တစ်နေ့မှာ ကြက်တူရွေးမောင်နှံက သားသမီးတွေထားခဲ့ပြီး နှစ်ကောင်စလုံး အစာရှာထွက်သွားတော့တယ်။ အဲဒီအချိန်မှာ အခွင့်ကောင်းကိုစောင့်နေတဲ့ တောင်ပို့ကြီးထဲက မြွေကြီးဟာ အပင်ပေါ်တက်လာပြီး ကြက်တူရွေးပေါက်ကလေးတွေကို စားသောက်လိုက်တော့တယ်။ နောက်ဆုံး ကြက်တူရွေးပေါက်ကလေးကို မျိုနေတဲ့အချိန်မှာ ကြက်တူရွေးမောင်နှံရောက်လာတော့ အနီးအနားကို အော်ဟစ်အကူအညီတောင်းပေမဲ့ ဘယ်သူမှမရှိကြတော့ အော်ဟစ်ငိုယိုနေကြတာပေါ့ကွယ်။

သားသမီးတွေကို ဆုံးရှုံးလိုက်ရလို့ ဝမ်းနည်းငိုကြွေးနေတဲ့ ကြက်တူရွေးအမဟာ သူ့ရဲ့လောဘစိတ်ကြောင့် ဒီလိုဖြစ်ရတာဆိုပြီး နောင်တအကြီးအကျယ်ရသွားတာပေါ့ကွယ်။ အတူတူနေထိုင်တဲ့ ရှဉ့်မိသားစုသာရှိနေရင် အခုလိုအဖြစ်မျိုးနဲ့ ကြုံရမှာမဟုတ်ဘူး။ အကူအညီပေးမဲ့မိတ်ဆွေတွေကို တစ်ကိုယ်ကောင်းစိတ်၊ လောဘစိတ်ထားမိလို့ အခုတော့ သူ့သားသမီးတွေ ဆုံးရှုံးရတာတွေးပြီး ငိုကြွေးနေတော့သတဲ့ကွယ်။ နောက်တော့ ကြက်တူရွေးမောင်နှံလဲ မြွေကြီးအန္တရာယ်ကိုကြောက်ပြီး မနေရဲတော့ဘဲ အဝေးတစ်နေရာကို ထွက်သွားရတာပေါ့ကွယ်။

ကလေးတို့လဲ ဘယ်အရာမဆို တစ်ကိုယ်ကောင်းစိတ်၊ လောဘစိတ်မထားဘဲ ညီတူညီမျှစိတ်ကလေးထားတတ်ရမယ်။ အတူနေတဲ့မိတ်ဆွေ၊ သူငယ်ချင်းတွေအပေါ်မှာလဲ တစ်ကိုယ်ကောင်းစိတ်မထားဘဲ အတူတူနေထိုင်တတ်တဲ့ စိတ်ထားလေးထားတတ်ရမယ်နော်။ ဒါမှ အန္တရာယ်ကြုံလာရင် အတူစုပေါင်းကာကွယ်နိုင်ကြမှာဖြစ်လို့ တစ်ကိုယ်ကောင်းစိတ်ကလေးတွေကို ပယ်ရှားနိုင်ကြပါစေလို့ ဒီပုံပြင်လေးနဲ့ သတိပေးလိုက်ရပါတယ်ကွယ်။

**ဆောင်းမာန်ဝင့်အောင်(တောင်ကြီး)**

---

## တောရွာကထိန်ပွဲ

♦ အိုးစည်ဝိုင်းက မြိုင်ဆိုင်ကာ
ဆင်ကတွေလဲပါ၊
တေးသံသာယာ ကျောင်းတော်တွင်း
ကထိန်ပွဲတော်ခင်း။

♦ ပန်းရောင်စုံသင်း ရာသီချိန်
လှူကြဘုံကထိန်၊
ဗုဒ္ဓဂုဏ်ရှိန် တူယှဉ်တွဲ
လှူကြခြိမ့်ခြိမ့်သဲ။

♦ ညတရားပွဲ ဓမ္မသဘင်
ပြုလုပ်ကြနှစ်စဉ်၊
အားလုံးပါဝင် ကုသိုလ်ပြု
သာဓု သာဓု သာဓု။ ။



**ပန်းမာလာ**

## အလုပ်ကိုယ်စီ

♦ ပုရွက်ဆိတ်များ တန်းကာစီ
ခွဲလို့လကိုချီ၊
စည်းလုံးညီညာ ကြိုးစားမှု
ဝမ်းစာရှာဖွေစု။

♦ စာဝတီးငှက်ဟု ခေါ်ကြတယ်
အသိပညာကြွယ်၊
သေးငယ်ပေမဲ့ သိုက်မြုံဆောက်
အံ့ဖွယ်လက်ရာမြောက်။

♦ လင်းလက်တောက်ပ စိန်ပွင့်နှယ်
ကြိုးစားတို့မောင်မယ်၊
နောင်တစ်ခေတ်ဝယ် ခွန်အားသစ်
လူရည်ချွန်များဖြစ်။ ။



**မင်းဝေအောင်(ရဲကျွန်း)**

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှသစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**







## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁) တိုးချဲ့ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(D-6)ရှိ မြေကွက်ပေါ်တွင် ဒေါ်အေးအေးမော် ၈/နမန(နိုင်)၀၀၅၂၆၈ ကိုင်ဆောင်သူမှ အလျား(၁/၂(၁၀'-၀")/၂(၂၄'-၀"))၊ အနံ (၁၀'-၀"/၃၅'-၀") RC (၂ ၁/၂)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင် တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

### ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်နေ မဇာဇာမော်(ဘ) ဦးသိန်းပို (၅/ယမပ(နိုင်)၁၀၁၈၃၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-904258) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၈၅၅၆၅၉၂၀၉

### ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်နေ မောင်ကျော်သူ (ဘ) ဦးဖိုးကြည် (၅/ယမပ(နိုင်)၁၁၉၉၇၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-904251)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၈၅၅၆၅၉၂၀၉

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၈)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၂၃၃/က)၊ ဦးပိုင်အမှတ်(၇၀၂)ရှိ မြေကွက်ပေါ်တွင် ဦးထွေးထွေးဝင်း ၉/မခန(နိုင်)၁၄၃၆၆၀ ကိုင်ဆောင်သူမှ အလျား(၃၀'-၀"၊ အနံ ၃၉'-၀") နံကပ်- ၁ ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင် တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၃၁)၊ ဦးပိုင်အမှတ်(၁၉၁)ရှိ မြေကွက်ပေါ်တွင် ဦးရှင် အမည်ပေါက် ဝိုင်းမြေပေါ်တွင် ဦးရှင်၏မြေးဖြစ်သူ ဦးကျော်ကျော်စိုး ၉/မခန(နိုင်)၁၉၆၄၉၀ ကိုင်ဆောင်သူမှ အလျား (၂၀'-၀"၊ အနံ ၂၀'-၀") နံကပ်- ၁ ထပ်အဆောက်အအုံ ခွင့်ပြုမိန့် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင် တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ဖခင်အမည်မှန်

သာစည်မြို့နယ်၊ အထက-ရွှေတုတ်ကုန်း၊ Grade-7 တွင် ပညာသင်ကြားနေသော မောင်ပြည့်ဖြိုးထွန်း ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးထွန်းမင်း ဖြစ်ပါကြောင်း။

ဦးထွန်းမင်း (၉/သစန(နိုင်)၁၈၂၃၇၄)

### ပျောက်ဆုံးကြောင်း

ငရုတ်ကောင်းမြို့နယ်ခွဲ၊ သဲဖြူကျေးရွာနေ မောင်ထွန်းဝေ (ဘ) ဦးလှကင်း (၈/ရစက(နိုင်)၁၆၃၀၆၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၈၁၉၆၃၃၇




## ရေဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့)မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ၊

(စ) သက်ဆိုင်ရာ အစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇- ၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍ အကူညီတောင်းခံနိုင်ပါကြောင်း လူမှု ဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာထားသည်။

❖ **လူငယ်များသည် တိုင်းပြည်၏ အနာဂတ် ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်...**

❖ **လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရရှိပြီး တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်ပေးရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၂၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# AFC Challenge League 2024 ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း အုပ်စုပထမဖြင့် ကွာတားဖိုင်နယ်အဆင့် တက်ရောက်

ရန်ကုန် နိုဝင်ဘာ ၂

အာရှ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် AFC Challenge League 2024 ပြိုင်ပွဲ အုပ်စု(D)အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်းတို့ ကစားခဲ့ရာ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းက အုပ်စုပထမဖြင့် ကွာတားဖိုင်နယ်အဆင့်

စာမျက်နှာ ၂၃ ကော်လံ ၁ ❖





**အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် အလွတ်ခုန်လေထီးစစ်သည်များ ပွဲတော်အလံသယ်ဆောင်၍ ကွင်းအတွင်း ဆင်းသက်မည့်အစီအစဉ် ကြိုတင်လေ့ကျင့်**

စာမျက်နှာ- ၂၂

**နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံသင်တန်းကျောင်း၌ ကျောင်းအုပ်ဆရာမကြီးနှင့် အတူနေ ဆရာမတစ်ဦးကို သတ်ဖြတ်လုယက်မှုကျူးလွန်သူ အမျိုးသားတစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ**

စာမျက်နှာ - ၂၃

## ထူးခြားသည့် ညအပူချိန်များ

(၂-၁၁-၂၀၂၄)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၁၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၁၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၁၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

